ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် … ၁၉၅၇ ဖြို ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 6 March 2019 ၉၅၈၂

# ရခိုင်ပြည်နယ်အရေးကိစ္စကို ပါတီစွဲ၊ အယူစွဲ၊ ဒေသစွဲမထားဘဲ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် လက်တွေ့ကျသည့် နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေ

နေပြည်တော် မတ် ၅

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏လိုငွေအား ဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြခြင်း၊ အစီရင်ခံစာ(၂)ခု ဖတ်ကြားခြင်းနှင့် အဆို(၁)ခု ဆွေးနွေး၍ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုသည့် ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေ၊ ဦးဆွေတင့်လွင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏လိုငွေအား ဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်**က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် လိုငွေပြဘတ်ဂျက်ကို ရေးဆွဲအတည်ပြုပြီး ဖြစ်သည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏လိုငွေနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အတိုင်းငွေကျပ် ၁၀၁၆ ဒသမ ၈၁၈ ဘီလီယံအတွင်းလိုအပ်ပါက ချေးခွင့်ပြုရန်တင်ပြလိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အတိုင်း လိုအပ်သည့်ငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူပေးခြင်းအားဖြင့် အစိုးရအဖွဲ့ဘက်သို့ ထုတ်ချေးနိုင်ရန်အတွက် ဆက်လက်ခွင့်ပြုပေးရန် ထောက်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

**ကြေးမုံ သတင်းအညွှန်း**

ဝိသာခါ ပုဗ္ဗာမိဂုဏ်ဝေ သီလရှင်သင် စာသင်ကျောင်းနှင့် ပရဟိတဂေဟာ လေးထပ်ခွဲကျောင်းဆောင် ဖွင့်ပွဲကျင်းပ
စာမျက်နှာ » ၃

ကမ္ဘာ့ရေနေ့ ၂၀၁၉ အကြို ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ
စာမျက်နှာ » ၅

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန် ကိုရီးယားသမ္မတနိုင်ငံသံရုံးက အထောက်အကူပစ္စည်းများ ပေးအပ်လှူဒါန်း
စာမျက်နှာ » ၉

တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု မြန်မာအပါအဝင် မဟာမဲခေါင်ဒေသ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ခြိမ်းခြောက်လျက်ရှိ
စာမျက်နှာ » ၁၀

C B BANK
CB Pay
Mobile Banking Application အသစ်
Next generation, new experience.
Download it from GOOGLE PLAY
Download it from APP STORE
ဖုန်းနံပါတ်ဖြင့် Register ပြုလုပ်နိုင်ပြီ...

## ကြေးမုံ

# ကျေးလက်လူမှုဘဝမြင့်မားတိုးတက်ရေး

မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ပေးလျက်ရှိသည့် အခြေအနေအရပ်ရပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် ပြည့်ပြည့်စုံစုံဖော်ပြထားပါသည်။

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိရာ အနာဂတ်ကာလများ၌ စားနပ်ရိက္ခာပြဿနာများနှင့် ကြုံတွေ့လာရဖွယ်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် တိုးတက်လာမည့်လူဦးရေအတွက် လိုအပ်လာမည့် စားနပ်ရိက္ခာများ လုံလောက်ဖူလုံမှုရှိစေရေးသာမက နိုင်ငံတကာဈေးကွက်သို့ တိုးတက်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် စိုက်ပျိုးထုတ်လုပ်ရေးနှင့်သက်ဆိုင်သော ကဏ္ဍပေါင်းစုံ၊ လုပ်ငန်းစုံတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

စားနပ်ရိက္ခာဖူလုံပြည့်လျှံရေးကို ဆောင်ရွက်ရာတွင် အဓိကကျသည်မှာ တောင်သူလယ်သမားကဏ္ဍဖြစ်၍ နိုင်ငံတော်အစိုးရက ကာလတိုအတွင်း ဦးစားပေးအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်(၁၁)ရပ်တွင် တောင်သူလယ်သမားဦးကြီးများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် မြေပိုင်ဆိုင်ခွင့်လက်မှတ်များ တစ်နှစ်အတွင်းရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီအမီ ရရှိရေး၊ လယ်ယာမြေသွင်းအားစုများ အခွန်ကင်းလွတ်ခွင့်ပေးရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကို ဦးစားပေးအကောင်အထည်ဖော်ပေးနေသည်။

ဥပဒေမဲ့သိမ်းဆည်းထားသော လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေးနှင့် နစ်နာကြေးရရှိရေး၊ စွန့်လွှတ်မြေများ မူလပိုင်ရှင်ထံ အမြန်ဆုံးပြန်လည်အပ်နှံရေး၊ မစွန့်လွှတ်ရသေးသည့် သိမ်းဆည်းခံလယ်မြေများကို အမြန်ဆုံးစိစစ်ပြီး မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် အကုန်အထိ လယ်မြေဧကပေါင်း လေးသိန်းကျော်ကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်ဟု သိရှိရသည်။

ဤမြေယာကိစ္စဆုံးရှုံးနစ်နာမှုများမှာ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားသက်သက်သာမက လိုအပ်သောစားနပ်ရိက္ခာတို့အပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်နစ်နာစေသောအချက် ဖြစ်ပါသည်။ မြေယာအရေးကိစ္စမှာ ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလမှစ၍ လယ်ယာမြေများကို တရားဝင်ရော၊ တရားမဝင်ပါ သိမ်းဆည်းခြင်းခံခဲ့ရသည့်ပြဿနာများကို ယနေ့ဖြေရှင်းဆောင်ရွက်နေရသည်။

ဆယ်စုနှစ်ကာလတစ်ခုမကအချိန်အတွင်း ရွှေရောင်ဝင်းသည့် စပါးခင်းများ လျော့နည်းပျောက်ဆုံးကုန်သည်မှာ အမှန်ဖြစ်ပါသည်။ ထိုအခါ စားနပ်ရိက္ခာများ လျော့နည်းကျဆင်းစေသည်သာမက လယ်ယာစီးပွားအလုပ်အကိုင်များ ရှားပါးလာသည်ကို မြင်တွေ့ခဲ့ကြရပြီးဖြစ်မည်။ မြေယာများသိမ်းဆည်းခံခဲ့ရသဖြင့် လူနည်းစုတွင် အကျိုးဖြစ်ထွန်းသော်လည်း ပြည်သူလူထုအားလုံးအတွက် စားနပ်ရိက္ခာဖူလုံရေး၊ တောင်သူလယ်သမားများ၏ လူမှုဘဝမြင့်မားရေး၊ တိုင်းပြည်စီးပွားတိုးတက်ရေးအပိုင်းတွင် ထိခိုက်နစ်နာမှုများစွာရှိခဲ့သည်ကို ယနေ့ နိုင်ငံ၏ ပကတိအခြေအနေက မီးမောင်းထိုးပြနေပေသည်။

ထို့ကြောင့် ပြည်သူ့အစိုးရက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကာလတိုဦးစားပေးလုပ်ငန်းစဉ်များအတွင်း ထည့်သွင်းပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနေခြင်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၃၀)၏ မဏ္ဍိုင် သုံးရပ်အနက် မဏ္ဍိုင်(၂)တွင် ပန်းတိုင်(၃)အရ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံအဖြစ် အားလုံးပါဝင်သော ထုတ်ကုန်မျိုးစုံ ထုတ်လုပ်နိုင်စွမ်းရှိသည့် စီးပွားရေးပုံပိုးမည့် ဝန်းကျင်တစ်ရပ်ဖန်တီးရေးကို မဟာဗျူဟာတစ်ရပ်ချမှတ်ကာ စီမံအကောင်အထည်ဖော်လျက်ရှိပါသည်။

သို့ဖြစ်ရာ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏အမျိုးသားရေးအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါကောင်းဖြစ်သည်နှင့်အညီ နိုင်ငံ၏လူဦးရေ အများစုဖြစ်သော ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်မားတိုးတက်ရေး၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရွှေတိဂုံစေတီတော် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကျင်းပ



**ရန်ကုန် မတ် ၅**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော ၅၆၈ ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဩ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော်(ရွှေပြား) အလှူရှင် ၁၁၅ ဦးထံမှ ရွှေပြားပေါင်း ၁၁၉ ချပ် အလှူခံရရှိခဲ့ကာ ငွေသားအလှူရှင် ၃၇ ဦး အပါအဝင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၉၆၇၇၃၉၆၅၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ပြည်ပသို့သွားရောက်မည့် မြန်မာအားကစားအဖွဲ့ဝင်များအား တွေ့ဆုံ



**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တွင် မတ် ၆ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် (၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလွတ်တန်း ဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲနှင့် စင်ကာပူနိုင်ငံတွင် မတ် ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ပထမအကြိမ် အာရှလူငယ်အားကစား ခေါင်းဆောင်များ စခန်းသွင်းလေ့ကျင့်မှု အစီအစဉ်သို့ တက်ရောက်မည့် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပထမအကြိမ် အာရှလူငယ်အားကစားခေါင်းဆောင်များ စခန်းသွင်းလေ့ကျင့်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## လိုအပ်သည်များ မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ယခုသွားရောက်ယှဉ်ပြိုင်မည့် စစ်တုရင်အားကစားသမားအနေဖြင့် ပြိုင်ပွဲများတွင် စိတ်ဓာတ်တက်ကြွနိုင်လိုစိတ်အပြင် မိမိ၏ စဉ်းစားတွေးခေါ်ဖြတ်ထိုးဉာဏ်ဖြင့် ကစားရသော စစ်တုရင်အားကစားနည်းဖြစ်ရာ မိမိတို့၏ အားကစားနည်းပုံရိပ်ကို ကမ္ဘာ့နိုင်ငံများအလယ်တွင် မြှင့်တင်နိုင်ရန် ယှဉ်ပြိုင်စေလိုကြောင်း၊ လိုအပ်သည့် ပံ့ပိုးမှုများကို ကူညီသွားမည်ဖြစ်ကြောင်း၊ ပထမအကြိမ် အာရှလူငယ်အားကစားခေါင်းဆောင်များ စခန်းသွင်းလေ့ကျင့်မှုအစီအစဉ်သို့ တက်ရောက်မည့် B.Sc Sports မှ သင်တန်းသားသင်တန်းသူများအား နေ့စဉ်သင်တန်းပို့ချမှုများကိုလည်း ဗီဒီယိုမှတ်တမ်းတင်ရန်လိုအပ်ကြောင်း၊ အားနည်းချက်၊ အားသာချက်များ၊ အတွေ့အကြုံများကို အမြန်ဆုံး ပြန်လည်သုံးသပ်ပြင်ဆင်ပြီး အစဉ်အမြဲတိုးတက်အောင်မြင်မှုများရရှိအောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သွားရောက်စခန်းသွင်းသည့်အခါတွင် ဝတ်စားဆင်ယင်မှုပိုင်းကိုလည်း သတိချပ်၍ မိမိတို့၏နိုင်ငံဂုဏ်တင့်တယ်အောင် သေသပ်စွာဝတ်ဆင်စေလိုကြောင်း၊ အခက်အခဲရှိပါက မြန်မာသံရုံးများနှင့် ချိတ်ဆက်ပြီး အကူအညီရယူသွားရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၅**

ရန်ကုန်(ရွှေဈေး) ၁၀၅၄၀၀၀ - ၁၀၅၄၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၄၀၀၀ - ၁၀၅၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၅/၉၁၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၀/၈၃၅ ကျပ် | ၈၈၀/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၄၀ ကျပ် | ၇၉၀/၈၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၅/၉၄၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၀/၉၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၄၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁ယ၅၁၇.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁ယ၇၂၀.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၆.၄၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၇၁၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၄၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၈၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁ယ၃၅၅.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၄.၈၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁ယ၀၇၄.၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁ယ၁၂၀.၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# ဝိသာခါ ပုဏ္ဏမီဂုဏ်ဝေ သီလရှင်သင် စာသင်ကျောင်းနှင့် ပရဟိတဂေဟာ လေးထပ်ခွဲကျောင်းဆောင် ဖွင့်ပွဲကျင်းပ




**နေပြည်တော် မတ် ၅**

ဝိသာခါ ပုဏ္ဏမီဂုဏ်ဝေ သီလရှင်သင် စာသင်ကျောင်းနှင့် ပရဟိတဂေဟာ လေးထပ်ခွဲ ကျောင်းဆောင် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ပုဏ္ဏမီဂုဏ်ဝေ သီလရှင်စာသင်တိုက်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို တက်ရောက်ချီးမြှင့်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလှမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဝိသာခါဖောင်ဒေးရှင်း၏ နာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်၊ ရင်ခွင်မဲ့ကလေး လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုနှင့် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များသည် ဝိသာခါ ပုဏ္ဏမီဂုဏ်ဝေ လေးထပ်ခွဲကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်ကြီး အတွင်း ဝိသာခါဖောင်ဒေးရှင်း၏ နာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်က မုဒိတာ စကားပြောကြားပြီး ဝိသာခါဖောင်ဒေးရှင်း နာယကပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား သီလရှင်နှင့်ပရဟိတ ကျောင်းတိုက် ပဓာနနာယက သီလရှင် ဆရာကြီး ဒေါ်ဇေယျသီဂီထံ လွှဲပြောင်းပေးအပ်ကာ သီလရှင်ဆရာကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင် ဝိသာခါဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တရားရေအေးတိုက်ကျွေး**

ဝိသာခါ ပုဏ္ဏမီဂုဏ်ဝေ သီလရှင်သင် စာသင်ကျောင်းနှင့် ပရဟိတဂေဟာ လေးထပ်ခွဲကျောင်းဆောင်ကို ငွေကျပ် သိန်းပေါင်း ၅၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်ထားပြီး ဝိသာခါဖောင်ဒေးရှင်းက လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။ ကျောင်းဆောင်သစ်ဖွင့်ပွဲ အောင်ပွဲအဖြစ် ည ၇ နာရီတွင် လယ်ဝေးမြို့ဖောင်တော်ချက်မ ဘုရားကွင်းပြင်၌ သီတဂူဆရာတော်ကြီးက တရားရေအေး တိုက်ကျွေးသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဇနီး ဒေါ်ချိုချိုနှင့် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင်တို့ ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။





ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလှမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။


ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး


ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်


မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း


ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်


တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးဟန်သူ


ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်

❖ ရှေ့ဖုံးမှ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဖတ်ကြားတင်ပြ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့်အဖွဲ့ တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ** ဖတ်ကြားတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီက ပြင်ဆင်ရန် တင်သွင်းထားသည့် ဥပဒေမူကြမ်းအပေါ် စိစစ်သုံးသပ်ရာတွင် ပုဒ်မ ၂၆၁ ကို ပြင်ဆင်မည်ဆိုပါက ဆက်နွယ်နေသော ပုဒ်မများကိုပါ ထည့်သွင်းစိစစ်ရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ၂၁ ရာစုပင်လုံညီလာခံမှ အတည်ပြုပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၁)တွင် အရေးအကြီးဆုံးဖြစ်သည့် **"နိုင်ငံတော်ကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်"** ဟူသည့်အချက်နှင့် ကိုက်ညီမှုရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများမှ စတင်ပြင်ဆင်မှသာ ယခုပြင်ဆင်ရန် တင်သွင်းလာသည့် ပုဒ်မ ၂၆၁ ပြင်ဆင်ချက်နှင့် ရှေ့နောက်ညီညွတ်မှုရှိမည် ဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထိုသို့ဆီလျော်ညီညွတ်မှုရှိစေရန် ပြင်ဆင်ရန်လိုအပ်သည့်အတွက် ပုဒ်မတစ်ခုချင်းစီကို သီးခြားပြင်ဆင်မည်ဆိုပါက ပြင်ဆင်သည့် ဥပဒေကြမ်းများ လွှတ်တော်သို့ အကြိမ်ကြိမ်တင်သွင်းဆောင်ရွက်ရန် လိုအပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လုံးအပေါ် သုံးသပ်ပြင်ဆင်သည့်အခါတွင် ယခုပြင်ဆင်ချက်တင်သွင်းခဲ့သည့် ပုဒ်မ ၂၆၁ ကိုလည်း လေ့လာသုံးသပ်နိုင်မည့် အခြေအနေရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

အဆိုပါ ပူးပေါင်းကော်မတီ၏ အဆုံးသတ်တာဝန်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် ပုဒ်မ ၂၆၁ အပါအဝင် ချိတ်ဆက်နေသည့် ပြင်ဆင်ချက်များ ပါဝင်လာနိုင်မည့်အပြင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ အရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနှစ်ရပ်စလုံး ပူးပေါင်းပါဝင်ဖွဲ့စည်းရမည့် အလားတူ လေ့လာစိစစ်ရေးကော်မတီက စိစစ်လေ့လာရမည်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အထက်ဖော်ပြပါအချက်များအရ ပုဒ်မ ၂၆၁ တစ်ခုတည်းကို ပြင်ဆင်သည့် ဥပဒေတစ်ရပ်အဖြစ် လွှတ်တော်သို့ သီးခြားတင်သွင်းသည့် ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီက ဆောင်ရွက်မည့် ပြင်ဆင်ရေးလုပ်ငန်းများတွင် ထည့်သွင်းဆောင်ရွက်ခြင်းက စနစ်ကျနမှုရှိသည့်အပြင် ပိုမိုပြည့်စုံစွာ စိစစ်နိုင်မည်ဖြစ်သည့်အတွက် သင့်မြတ်လျော်ကန်မည်ဖြစ်ပါကြောင်းကို ကော်မတီဝင်အများစုမှ သဘောထားရရှိခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ(င) အရ ပူးပေါင်းကော်မတီဝင်များဖြစ်သည့် ဒေါ်နန်းနီနီအေး၊ ဦးဘရှိန်၊ ဦးကျော်ကျော်၊ ဗိုလ်မှူးချုပ်တင့်လွင်နှင့် ဗိုလ်မှူးချုပ်မောင်မောင်တို့က လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဤဥပဒေကြမ်းကို လွှတ်တော်တွင် ဆက်လက်ဆွေးနွေးအတည်ပြု ဆောင်ရွက်သင့်သည်ကို အဆိုပြုတင်ပြခဲ့ကြပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီဝင်အများစုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပုဒ်မ ၂၆၁ တစ်ခုတည်းကိုသာ သီးခြားပြင်ဆင်ရန် တင်ပြလာခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကပင်မရေသောက်မြစ် ဥပဒေတစ်ရပ်ဖြစ်သဖြင့် နိဒါန်းမှစ၍ နောက်ဆက်တွဲဇယားများအထိ ပြဋ္ဌာန်းချက်များသည် တစ်ခုနှင့်တစ်ခု အစီအစဉ်တကျ တွဲဖက်ဖွဲ့စည်းထားခြင်းဖြစ်ပါ၍ ပုဒ်မတစ်ခုချင်းစီကို သီးခြားတင်သွင်းပြင်ဆင်ရန် သင့်မြတ်မှုမရှိခြင်းကြောင့် လွှတ်တော်က အတည်ပြုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ"၏ လုပ်ငန်းစဉ်များတွင် တစ်ပါတည်းထည့်သွင်းဆောင်ရွက်သင့်ကြောင်းနှင့် ကျန်ပူးပေါင်းကော်မတီဝင်(၅)ဦးက လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဤဥပဒေကြမ်းကို လွှတ်တော်တွင် ဆက်လက်ဆွေးနွေးအတည်ပြုဆောင်ရွက်သင့်ကြောင်း တင်ပြခဲ့ကြသည်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉၊ ၁၃၅ တို့နှင့်အညီ အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ အစီရင်ခံစာအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ထပ်မံဖတ်ကြားတင်ပြ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ထပ်မံဖတ်ကြားတင်ပြရာတွင်** ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးက အသစ်ဖြည့်စွက်ရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၂၃ ပါ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်ပြီးဖြစ်သဖြင့် အသစ်ဖြည့်စွက်ပြဋ္ဌာန်းရန်လိုအပ်ခြင်း မရှိပါကြောင်းနှင့် ဥပဒေကြမ်း၏ အပိုဒ် ၂၇ အား ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂ နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီက ထပ်မံအစီရင်ခံစာတင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ ဆုံးဖြတ်ချက်အား တုံ့ပြန်သွားရေး စီမံဆောင်ရွက်သွားပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေး

ထို့နောက် ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ထွန်းက **"OIC၊ EU နှင့် UNHRC တို့က မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေဆုံးဖြတ်ချက်အား ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုခဲ့ပြီး စဉ်ဆက်မပြတ် လုပ်ဆောင်နေမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အား အကျပ်အတည်းအတွင်း တွန်းပို့ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးရေး ထောင်ချောက်ဆင်ထားသည့် နိုင်ငံရေး Agenda ကို ဖော်ဆောင်နေခြင်းဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားအားလုံးပါတီစွဲ၊ အယူဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အစွဲကင်းကင်းဖြင့် စည်းလုံးညီညွတ်စွာ ထိထိရောက်ရောက် တုံ့ပြန်သွားရေး စီမံဆောင်ရွက်သွားပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း**က မိမိတို့နိုင်ငံလက်ရှိရင်ဆိုင်နေရသည့် အခက်အခဲနှင့် အစိုးရကြုံတွေ့နေရသည့် အကျပ်အတည်းများကို ပြည်သူလူထုက နားလည်သိရှိသည်ဟု ယုံကြည်ပါကြောင်း၊ မလိုအပ်သေးသည့်အချိန်တွင်ဆောင်ရွက်ခြင်းသည် Public Awareness လုပ်ရာမရောက်ဘဲ အစွန်းရောက်အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်အောင် လှုံ့ဆော်သကဲ့သို့ ဖြစ်သွားမည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ယခုအခြေအနေတွင် မိမိတို့၏ ပြည်သူများသည် ဘာသာရေး၊ လူမျိုးရေး အမုန်းစကားများ၊ ဝါဒမှိုင်းများ၊ သတင်းမှား သတင်းတုများကို ဖြန့်ဝေခြင်းမပြုမိစေရန် အရေးကြီးပါကြောင်း၊ ထိုအချက်များကို ရှောင်ရှားခြင်းအားဖြင့် နိုင်ငံတော်ကို ကူညီကာကွယ်ရာရောက်မည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အရေးကိစ္စတွင် မှန်ကန်သည့် သတင်းအချက်အလက်များ နိုင်ငံတော်အကြီးအကဲများထံ အမြန်ဆုံးရောက်ရှိရန် လွန်စွာအရေးကြီးပါကြောင်း၊ ပြည်တွင်း ပြည်ပက ဓနအင်အားကြွယ်ဝနေသည့် မြန်မာနိုင်ငံသား ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် မိမိတို့နိုင်ငံ၏ အခြေအနေအမှန်ကို အစိုးရ တုံ့ပြန်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကမ္ဘာ့ပင်မ မီဒီယာရေစီးကြောင်းထဲတွင် ရင်ပေါင်တန်းစီးဆင်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရကို အကူအညီပေးရန် စိတ်စေတနာရှိကြမည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးသည်။

**ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်** က လက်ရှိအခြေအနေတွင် UN အပါအဝင် နိုင်ငံတကာ၏ စွပ်စွဲထောက်ပြချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရခိုင်ဒေသပြဿနာတွင် တာဝန်ယူရမည့်သူသည် သီးခြားရှိနေသကဲ့သို့ ဖြစ်နေပါကြောင်း၊ သို့သော် ရခိုင်ဒေသအရေးသည် ဒီမိုကရေစီကူးပြောင်းရေးတွင် အလွန်အရေးကြီးသည့်အတွက် တာဝန်ယူထားသည့် အစိုးရနှင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် တစ်သွေးတစ်သံနှင့် အရေးကြီးချိန်တွင် သွေးစည်းကြရမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း၊ ထို့ပြင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ခိုင်မာစွာပေါ်ထွန်းလာရန် မဖြစ်မနေလုပ်ဆောင်ကြရမည့် လုပ်ငန်းစဉ်များဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေး စသည့်ကဏ္ဍပေါင်းစုံတွင်လည်း ယခုကဲ့သို့ အစိုးရ၏ မှန်ကန်သော စေတနာနှင့် ဦးဆောင်မှုအောက်တွင် အဖွဲ့အစည်းအားလုံးရှေ့ဆက်၍ ညီညီညွတ်ညွတ်သွားကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး**က လက်ရှိအစိုးရအနေဖြင့် တစ်သားတည်းဖြစ် တစ်သံတည်းထွက်ဆိုသည့် ညီညွတ်ရေးစိတ်ဓာတ်ဖြင့် မိမိနိုင်ငံ၏ တည်ရှိမှုနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန် အချိန်အခါရောက်နေပြီ ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်မှုများသည် အချုပ်အခြာအာဏာပိုင်နိုင်ငံ၏ ပြည်တွင်းရေးကိုစွက်ဖက်ခြင်းမပြုရဆိုသည့် ကုလသမဂ္ဂ၏ မူများကို လုံးဝလျစ်လျူရှုနေသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ကာကွယ်ရန်အတွက် လွှတ်တော်ကလည်း သမိုင်းသင်ခန်းစာမျိုးမဖြစ်စေရန် ထောက်ပြတွန်းအားပေးနေရန် လိုအပ်ပါကြောင်း၊ FFM အဖွဲ့၏ အစီရင်ခံစာအပါအဝင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်များကို နိုင်ငံတော်အစိုးရ၏ မဟာဗျူဟာကျသည့် နည်းလမ်းများဖြင့် ပြတ်ပြတ်သားသား တုံ့ပြန်သွားနိုင်ရန်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေးအတွက် ရပ်တည်ကာကွယ်ရန် တင်ပြရင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခေါ်)ဦးနေမျိုး၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင်၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးဟန်သူ၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ စာမျက်နှာ ၅ သို့ »»

»»» စာမျက်နှာ ၄ မှ

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးရွှေ၊ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခေါ်)မောင်တင်သစ်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် ဆောင်ရွက်ကြရာတွင် အစိုးရနှင့်အတူ ကဏ္ဍအသီးသီး၊ အလွှာအသီးသီးမှ လူထုလူတန်းစားအားလုံးသည် အစိုးရ၏ဆောင်ရွက်ချက်များတွင် အပြုသဘောနှင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ညီညွတ်စွာဆောင်ရွက်ကြပါက အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုရှင်တိုက်တွန်းသွားသကဲ့သို့ ၎င်းတို့ဆင်ထားသည့် ထောင်ချောက်အတွင်း မဝင်မိစေရန် ဆိုသည်ကို အားလုံးက နားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ အပြုအမူ၊ အပြောအဆို၊ ဆောင်ရွက်မှုများသည် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ မဖြစ်ကြစေရန်လည်း အထူးဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းရာတွင် အဆိုရှင်အကြံပြုထားသည့်အတိုင်း ပါတီစွဲ၊ အယူစွဲ၊ ဒေသစွဲမထားဘဲ မတူကွဲပြားသည့် သဘောထားအမြင်များအားလုံးကို ထည့်သွင်းစဉ်းစားကာ နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ဦးထိပ်ထားလျက် မျှတပြီး လက်တွေ့ကျသည့် နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းရေး အောင်မြင်ရန်အတွက်လည်းကောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ဦးဆောင်ကြိုးပမ်း အကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်များတွင် ပြည်သူ ပြည်သားများအားလုံးအနေဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပံ့ပိုးပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ မိမိတို့အစိုးရအနေဖြင့် ရှုထောင့်အမြင်မျိုးစုံ၊ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားပြီး အဘက်ဘက်မှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ရန်သာသင့်ပါကြောင်း အကြံပြုတင်ပြသည်။

ဆက်လက်၍ အဆိုရှင် ဦးဉာဏ်ထွန်းက မိမိတို့ နိုင်ငံသူနိုင်ငံသားအားလုံး တစ်သားတည်းဖြစ်၊ တစ်သံတည်းဖြစ်မည့် ညီညွတ်ရေးစိတ်ဓာတ်ဖြင့် ထိရောက်စွာ တုံ့ပြန်သွားရန်အတွက် အဆိုတွင် တင်ပြထားသည့် လုပ်ငန်းစဉ်များကို အတည်ပြုပေးရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၂၁၉ မဲ၊ ကန့်ကွက်မဲ ၃၂၆မဲ၊ ကြားနေမဲ ၆ မဲ ဖြစ်၍ ကန့်ကွက်ဆန္ဒမဲများသဖြင့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို မတ် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့်(သတင်းစဉ်)**

# ကမ္ဘာ့ရေနေ့ ၂၀၁၉ အကြိုဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၅**

ကမ္ဘာ့ရေနေ့ ၂၀၁၉ အကြိုဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ရေမိခင်အဖွဲ့နာယက ဒေါက်တာရွှေလွှမ်း တက်ရောက်သည်။

**သက်ဆိုင်ရာကဏ္ဍအလိုက်ပါဝင်ဆွေးနွေး**

မွန်းလွဲပိုင်း၌ကျင်းပသည့် လူမှုအသိုက်အဝန်းမှ ပါဝင်ဆောင်ရွက်မှု Multi stakeholder Forum ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ရေမိခင်အဖွဲ့နာယက ဒေါက်တာရွှေလွှမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြသည်။

ကမ္ဘာ့ရေနေ့ ၂၀၁၉ အကြိုဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို နံနက်ပိုင်းမှ စတင်ခဲ့ပြီး အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရေနှင့်ဆက်နွှယ်သက်ဆိုင်သူများ တက်ရောက်ကြသည်။

**အကြံပြုဆွေးနွေး**

ဆွေးနွေးပွဲတွင် ရေနှင့် စွမ်းအင်၊ စိုက်ပျိုးရေးနှင့် ရာသီဥတုပြောင်းလဲမှု၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်စေမှု၊ ရေဆိုင်ရာစီမံခန့်ခွဲမှုနှင့် ရိုးသားဖြောင့်မတ်မှု၊ လူမှုအသိုက်အဝန်းမှ ပါဝင်ဆောင်ရွက်မှု Multi stakeholder Forum၊ ရေနှင့် ကျန်းမာရေး၊ မြစ်ဝကျွန်းပေါ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်မှု၊ မြစ်ဝှမ်းဒေသစီးပွားရေးနှင့် မိုးရေခံစုဆောင်းခြင်း၊ မြေအောက်ရေ စီမံခန့်ခွဲမှုစသည့် အကြောင်းအရာများကို ပညာရှင်များက ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက မေးမြန်းအကြံပြုဆွေးနွေးကြသည်။



မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်ကာ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူး၍ ရေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ ရေနှင့်ဆက်နွှယ်သက်ဆိုင်သူများ ပူးပေါင်းကျင်းပလျက်ရှိသည်။

**ဆက်လက်ကျင်းပသွားမည်**

ကမ္ဘာ့ရေနေ့ ၂၀၁၉ အထိမ်းအမှတ်အခမ်းအနားကို မတ် ၆ ရက်တွင် ဖွင့်ပွဲအခမ်းအနား၊ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများနှင့် ပြပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၅**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ရုံးအမှတ်(၁၀)ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေး၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့များက အမေရိကန်အစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် တက်ရောက်လာသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အဖွဲ့ဝင်များက မိမိတို့ ဆောင်ရွက်လျက်ရှိသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

အစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ သုံးမိနစ်မှ ၁၅ မိနစ်ခန့်အထိ ပြတ်တောက်မည့် အခြေအနေ အသိပေးခြင်း

**နေပြည်တော် မတ် ၅**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ကြောင်း၊ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၇ ရက်အထိ နေ့စဉ် သုံးမိနစ်မှ ၁၅ မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းရရှိသည်။

**သတင်းစဉ်**

# နူးညံ့ပျော့ပျောင်းထက်မြက်သည့် အမျိုးသမီးစွမ်းအားဖြင့် ပြောင်းလဲကြပါစို့

**မောင်မောင်ကျော်**

လူ့ဘောင်လောကတွင် Soft Power နှင့် Hard Power ဟူသော စွမ်းအားနှစ်ရပ်ရှိသည်။ ပျော့ပျောင်းသော အင်အားနှင့် မာကျောသော အင်အားဟုဆိုသည်။ လူ့သမိုင်း၊ လူ့အသိုက်အဝန်းတွင် ထိုအင်အားများကို လွန်စွာတန်ဖိုးထားကြပါသည်။ ထိုအင်အားနှစ်ရပ်အနက် မည်သည့်အင်အားသည် လောကတွင် အောင်မြင်နိုင်ခြေပိုများသနည်း။ အများ၏အဖြေတွင် Soft Power ဟူသည့် ပျော့ပျောင်းသောအင်အားဟု ဆိုကြပါလိမ့်မည်။

လူ၏သဘာဝ စကားအရာ၌ မာကျောခက်ထန်သော စကားထက် ပျော့ပျော့ပျောင်းပျောင်း စကားကိုသာ ပိုမိုနှစ်သက်ကြပါသည်။ နူးညံ့သိမ်မွေ့သော စကားအရာကို အမျိုးသားများမှာ ဆိုရေးခက်ပြီး အမျိုးသမီးများမှာ ဆိုရေးလွယ်ပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် နားဝင်ချိုသာသော အမျိုးသမီးများ၏ စကားအရာဖြင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ထိုးဖောက်၍ အောင်မြင်မှု ယူလာကြသည်ကိုတွေ့ရသည်။

ယနေ့စီးပွားရေးနယ်ပယ်တွင် အမျိုးသမီးငယ်များ၏စွမ်းအားဖြင့် အောင်မြင်မှုကို ထိုးဖောက်ယူလာကြသည်။ အမှန်တကယ်လည်း အောင်မြင်မှုရှိသည်ကို တွေ့ရသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ဆွဲဆောင်မှု ပိုမိုအားကောင်းကြသည် မဟုတ်ပါလော။ စီးပွားရေးနယ်ပယ်တွင်သာမက လူမှုရေးနယ်ပယ်တွင်လည်း ထိုနည်းဖြင့် အောင်မြင်မှုကို ယူနိုင်ကြသည်။ သို့သော် နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးစွမ်းအားစုမှာ နည်းပါးနေသေးသည်ဟုဆိုနိုင်သည်။ ထို့ကြောင့် နိုင်ငံရေးနယ်ပယ်တွင် လိုအပ်နေသော အောင်မြင်မှုကို အမျိုးသမီးစွမ်းအားဖြင့် ယူကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေမှာ တစ်နေ့တခြား တိုးပွားနေပြီး အမျိုးသားဦးရေထက် အမျိုးသမီးဦးရေမှာ ပိုမိုများပြားလျက်ရှိသည်။ ဤသို့ အမျိုးသမီးဦးရေ များပြားလာမှုနှင့်အတူ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိအောင် ဆောင်ရွက်ကြရသည်။ အမျိုးသမီးများအခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်။ အမျိုးသမီးများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ဆောင်ရွက်လာကြသည်။

အမျိုးသမီးများ၏ ပင်ကိုဗီဇသည် မျှသောအားဖြင့် အားနွဲ့သူများဖြစ်ကြသော်လည်း အမျိုးသားများနှင့်အပြိုင် ကာယအား၊ ဉာဏအား၊ စိတ်ဓာတ်စွမ်းအားများ မွေးမြူနိုင်ရမည်။ အမျိုးသားများနည်းတူ လက်ရုံးရည်၊ နှလုံးရည်စွမ်းရည်များ ကြံ့ခိုင်သူများဖြစ်လာအောင် ကြိုးစားအားထုတ်နိုင်ရမည်။ အရည်အချင်းပြည့်ဝပြီး စိတ်ဓာတ်ကြံ့ခိုင်သူများဖြစ်အောင် ကြိုးစားကြရမည်။ လုပ်ရည်ကိုင်ရည် ထက်ထက်မြက်မြက်ဖြစ်အောင် လုပ်ကိုင်နိုင်ကြရမည်။ သို့မှသာ အမျိုးသမီးများ၏ စွမ်းရည်သည် ပိုမိုတိုးတက်မြင့်မားလာမည်။

ယခုအခါ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ကြိုးပမ်းစွမ်းဆောင်လာနိုင်ကြသည်ကို တွေ့ရသည်။ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနယ်ပယ်တို့တွင် အမျိုးသားများထက်ပင် တိုးတက်အောင် စွမ်းဆောင်နေကြသည်။ အမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးကဏ္ဍတွင် ၅၀-၅၀ ရာခိုင်နှုန်း ပါဝင်နေသည်။ ပညာရေးနယ်ပယ်တွင် အမျိုးသမီးများသာ ရှေ့တန်းမှ ထဲထဲဝင်ဝင် လှုပ်ရှားဆောင်ရွက်နေကြသည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစားအရ အမျိုးသား ၄၉၊ အမျိုးသမီး ၅၁ အချိုးဖြင့် ပါဝင်နေသည်။

မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ကို အမျိုးသမီးများက ကိုယ်စားပြုထားသဖြင့် အမျိုးသမီးများသည် နိုင်ငံတော်၏ အရေးပါသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အင်အားစုတစ်ရပ်အဖြစ် ပါဝင်နေသည်။

> “ကမ္ဘာပေါ်တွင် လူဦးရေမှာ တစ်နေ့တခြား တိုးပွားနေပြီး အမျိုးသားဦးရေထက် အမျိုးသမီးဦးရေမှာ ပိုမိုများပြားလျက်ရှိသည်။ ဤသို့ အမျိုးသမီးဦးရေ များပြားလာမှုနှင့်အတူ အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိအောင် ဆောင်ရွက်ကြရသည်။ အမျိုးသမီးများအခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာကြသည်”

ထို့ကြောင့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကို နိုင်ငံတော်က တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် တွန်းအားများပင် ဖြစ်သည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်တွင် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအား စွမ်းပကားမြှင့်တင်ရေး ရည်မှန်းချက်ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးသမီးများဘဝအတွက် လုံခြုံရေးနှင့် တိုင်းပြည်ငြိမ်းချမ်းသာယာရေးကဏ္ဍများတွင် အမျိုးသမီး အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများဘဝ မြင့်မားတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးကို ၁၀ နှစ်စီမံကိန်းဖြင့်ဆောင်ရွက်ခဲ့ရာ အောင်မြင်တိုးတက်မှုရှိသည်ကို ယနေ့အမျိုးသမီးကဏ္ဍ မြင့်မားတိုးတက်လာမှုများက သက်သေပြလျက်ရှိသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ရေးဆွဲချမှတ်ခဲ့သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများမှာ သိသာထင်ရှားတိုးတက်လာသော်လည်း ယခုထက်ပိုမိုတိုးတက်၍ လိုအပ်နေသေးသော နိုင်ငံရေးနယ်ပယ်တွင် မြန်မာအမျိုးသမီးများ ထဲထဲဝင်ဝင် တက်တက်ကြွကြွ ပါဝင်လာနိုင်ရေးအတွက် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့်အတူ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ယနေ့မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများအနေဖြင့် အောင်မြင်မှုရရှိနေသော စီးပွားရေးကဏ္ဍတွင်သာ ရပ်တန့်မနေဘဲ နိုင်ငံတစ်ခုလုံးအပေါ် လွှမ်းခြုံအကျိုးပြုနိုင်အောင် ဆက်လက်ကြိုးပမ်း စွမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အတ္တဟိတနှင့် ပရဟိတ နှစ်ခုတွဲဖက်လုပ်ကိုင်မှသာ အောင်မြင်မည်ဖြစ်သည်။ စီးပွားရေးနှင့် လူမှုရေး၊ လူမှုရေးနှင့် နိုင်ငံရေး၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးတို့သည် အားလုံးဆက်စပ်နေကြသည်ဖြစ်ရာ စီးပွားရေးကို အခြေပြု၍ နယ်ပယ်အားလုံးတွင် ပါဝင်နိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ဘက်စုံထူးချွန်ထက်မြက်သော အမျိုးသမီးစွမ်းဆောင်ရှင်များ ဖြစ်လာပေမည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တစ်ဦးနှင့်တစ်ဦး လက်တွဲခေါ်ဆောင်သွားရန် အရေးကြီးသည်။ အမျိုးသမီးများကို အမျိုးသားများက မိမိတို့တွင်ရှိထားသည့် စွမ်းအားများဖြင့် ကူညီကာကွယ်စောင့်ရှောက်ပေးရမည် ဖြစ်သလို အမျိုးသမီးများကလည်း မိမိတို့၏ ပင်ကိုစွမ်းအားများဖြင့် အမျိုးသားများနှင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးသမီးများ၏ ပင်ကိုစွမ်းအားများဟုဆိုရာ၌ အမျိုးသမီးကျမ်းကျေပညာရှိတစ်ဦး၏ အဆိုဖြစ်သည့် မိန်းမဟူသည် စိန်ကဲ့သို့ မာကျော၏၊ ကျေးရင်အုပ်ကဲ့သို့လည်း နူးညံ့၏၊ ချိုးငှက်ကဲ့သို့လည်း တေးဖွဲ့တတ်၏၊ ဟင်္သာကဲ့သို့လည်း ရွှေလည်တွဲတတ်၏၊ စွန်ရဲကဲ့သို့လည်း ထိုးဆိတ်တတ်၏၊ လွန်းကြင်ငှက် ကဲ့သို့လည်း သစ္စာရှိတတ်၏၊ မြေခွေးကဲ့သို့လည်း မာယာများတတ်၏၊ ဆက်ရက်ကဲ့သို့လည်း ဆူညံတတ်၏ စသည်ဖြင့်ဆိုထားရာတွင် မကောင်းသည်ကိုပယ်၍ ကောင်းသော စွမ်းအားများကို လူမှုဘဝနယ်ပယ်တွင် အသုံးချကြရမည်ဖြစ်သည်။ အမျိုးသားများနှင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသမီးများအနေဖြင့် မိမိကိုယ်ကိုလည်း အထင်မသေးရန်၊ အားမငယ်ရန်၊ အခြားသူများကိုလည်း အထင်မသေးရန်၊ မနှိမ့်ချရန် လိုအပ်သည်။ အမျိုးသားများကလည်း အမျိုးသမီးများအပေါ် အထင်မသေးရန်၊ မနှိမ့်ချရန်၊ အနိုင်မကျင့်ရန် လိုအပ်သည်။ လက်ရှိကာလ၊ အနာဂတ်ကာလတွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များမှာ မြင့်မားတိုးတက်လာသည်မှာ အမှန်ဖြစ်၍ တန်းတူညီမျှ အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်ရန် အရေးကြီးသည်။

ကမ္ဘာကြီးကို ပြောင်းလဲဖို့၊ မိမိနိုင်ငံကို ပြောင်းလဲဖို့အတွက် စီးပွားရေးတစ်ခုတည်း ပြောင်းလဲအောင် လုပ်ဆောင်ခြင်းဖြင့် မလုံလောက်ဘဲ ပြည်သူအားလုံး စိတ်ဓာတ်များပြောင်းလဲလာအောင် မိမိတို့၏ ပျော့ပျောင်းနူးညံ့သောစိတ်ဓာတ်၊ ထက်မြက်သော စွမ်းပကားများဖြင့် ထိန်းကျောင်းပြုပြင် ပြောင်းလဲသွားရမည်ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံတွင်သာမက ယနေ့ ကမ္ဘာတွင် လိုအပ်နေသော ငြိမ်းချမ်းရေးဘက်၊ မေတ္တာဘက်၊ ကရုဏာဘက်၊ စေတနာဘက်ကို ပြောင်းလဲနိုင်ရေးအတွက် အမျိုးသမီးများအားလုံး ဦးဆောင်ပါဝင်ပြီး စိတ်ဓာတ်များ ပြောင်းလဲလာအောင် ကြိုးစားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ။

**ရည်ညွှန်းချက်**

**- နိုင်ငံတကာအမျိုးသမီးများနေ့၊ မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသမီးများ စွမ်းဆောင်ရည်များကို ဖော်ညွှန်းရေးသားပါသည်။**

## မြေမြှုပ်မိုင်းတားမြစ်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ်နှင့်စပ်လျဉ်းသည့် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၅**

မြေမြှုပ်မိုင်းတားမြစ်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ်နှင့် စပ်လျဉ်းသည့် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် လက်နက်ကိုင်ပဋိပက္ခများ၏အကျိုးဆက်ဖြစ်သော မြေမြှုပ်မိုင်းများနှင့် စစ်လက်ကျန်ပစ္စည်းများကြောင့် ဒေသခံပြည်သူများ အသက်ဆုံးရှုံးခြင်း၊ မသန်စွမ်းမှုဖြစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ လူမှုစီးပွားဘဝထိခိုက်ခြင်းများစွာ ရင်ဆိုင်ခံစားရသည့်အတွက် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မိုင်းကြောင့်ထိခိုက်ခံစားရသူများအား ကူညီထောက်ပံ့ခြင်း၊ လူမှုဘဝပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ ၄၈၉ ဦးအတွက် တစ်ဦးလျှင်ထောက်ပံ့ကြေးငွေကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ၉၇.၈ သန်းတိတိကို ဝန်ကြီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မိုင်းအန္တရာယ် အသိပညာပေးဆောင်ရွက်ရာတွင်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းအပြင် ပညာရေး၊ ကျန်းမာရေးနှင့်



အခြားထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိုင်းရှင်းလင်းရေးလုပ်ငန်းသည် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းဖြစ်သည့်အတွက် အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် မိုင်းအန္တရာယ်အသိပညာပေးရေး၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိုင်းကြောင့် ထိခိုက်ခံစားရသူများ လျော့နည်းသွားမည်ဖြစ်ပြီး ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်မြင့်နှင့် နော်ဝေသံအမတ်ကြီး Ms. ToneTinnes တို့က နှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြေမြှုပ်မိုင်းဆိုင်ရာ ပဋိညာဉ်စာချုပ်နှင့်စပ်လျဉ်း၍ အချက်တစ်ချက်ချင်းစီအလိုက် ရှင်းလင်းဆွေးနွေးခြင်းများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. John Nielsen နှင့်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်၏ လက်ရှိဆောင်ရွက်နေသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းစီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ နည်းပညာ အကူအညီပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr. John Nielsen နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကူအညီပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဆေးတက္ကသိုလ် (၁) ရန်ကုန် (၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၅**

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၅၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၂ ရက်တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက တိုင်းရင်းသားပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် တိုင်းရင်းသားပြည်သူလူထုက အားကိုးယုံကြည်သည့် ချစ်ခင်သူများဖြစ်အောင် ကြိုးစားအားထုတ်ရန်၊ မပြည့်စုံသေးသည့် နေရာဒေသမှာရှိသည့် တိုင်းရင်းသားပြည်သူများအား မိမိဆွေမျိုးသားချင်းကဲ့သို့ ကျန်းမာရေးပြုစုစောင့်ရှောက်ပေးခြင်းသည် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပရဟိတနှင့် အတ္တဟိတကို ယှဉ်ပြီးကြည့်ရန် အရေးကြီးပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနဖွံ့ဖြိုးရေးသည် ပဓာနကျပါကြောင်း၊ နိုင်ငံတော်အနေဖြင့် သုတေသနဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲလျက်ရှိပါကြောင်း။

ထို့ပြင် တိုးတက်ပြောင်းလဲနေသည့် ဆေးပညာများကို စဉ်ဆက်မပြတ်လေ့လာလိုက်စားနိုင်ရန်အတွက် တွေးခေါ်မြော်မြင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးသည့် Outcome Based Integrated Curriculum ကို ဆေးတက္ကသိုလ်များတွင် ပြောင်းလဲသင်ကြားနိုင်ရေးကို ပြင်ဆင်ဆောင်ရွက်နေပါကြောင်းနှင့် ဘွဲ့လွန်သင်ကြားမှုအနေဖြင့် Competency Based Postgraduate Training ကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားမည်ဖြစ်ပါကြောင်း။

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးပညာဘွဲ့ရမောင်မယ် ၆၂၆ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၄၆ ဦး၊ ဆေးပညာမဟာသိပ္ပံ ၃၃၆ ဦး၊ ပါရဂူဘွဲ့ ခြောက်ဦးနှင့် ဆေးပညာ လက်တွေ့ပါရဂူဘွဲ့ ၇၀ စုစုပေါင်း ၁၀၈၄ ဦးတို့ကို သက်ဆိုင်ရာဘွဲ့များ အသီးသီးအပ်နှင်းခဲ့ကြောင်း သိရသည်။

**မောင်လူမော်**

## မြို့ပြဆိုင်ရာ ပညာရှင်များဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံ ဗိသုကာအသင်းနှင့် အမိမြေစိမ်းလန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ပူးပေါင်း၍ "စဉ်ဆက်မပြတ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ဟူသည့် ခေါင်းစဉ်ဖြင့် နည်းပညာဟောပြောပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ မတ် ၈ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနည်းပညာဟောပြောပွဲကို "သင်၏မြို့ကို အဘယ်သို့သင်မြင်ချင်ပါသလဲ။ အထပ်မြင့်မိုးမျှော်တိုက်၊ မိုးပျံလမ်း၊ ရောင်စုံမီးများ ထိန်ညီးလျက် ခမ်းနားထည်ဝါလှပသော ကုန်တိုက်ကြီးများဖြင့် တည်ဆောက်ထားသော ခေတ်မီမြို့ပြအိပ်မက်ကို သင်မက်လိုပါသလား၊ သို့တည်းမဟုတ် အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါလို နွေးထွေးလုံခြုံလျက် နိုးထနိုင်စွမ်းအားများဖြင့် လန်းဆန်းတက်ကြွနေသည့် မြို့ပြဝန်းကျင်ကို သင်မြင်တွေ့လိုပါသလား၊ ပြောင်းလဲလာသော ရာသီဥတုအောက်တွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ အကောင်းဆုံးလမ်းကို စဉ်းစားရွေးချယ်လျှောက်လှမ်းရမည့် လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပြီဖြစ်သည်" ဟူသည့် လှုံ့ဆော်သံများနှင့်အတူ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံများ၊ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် မြို့ပြတည်ဆောက်ရေးဆိုင်ရာ မြေယာစီမံခန့်ခွဲရေးနှင့် အဆောက်အအုံဆောက်လုပ်ရေးဆိုင်ရာ စံသတ်မှတ်ချက် အတွေ့အကြုံများနှင့် ပွင့်လင်းမြင်သာ၍ တာဝန်ယူ တာဝန်ခံမှုရှိသော မြို့ပြအခွန်ဘဏ္ဍာ စီမံခန့်ခွဲနိုင်ရေးအတွက် Blockchain နည်းပညာ၏ အားသာချက်များ၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများ အစရှိသည့် စိတ်ဝင်စားဖွယ် ခေါင်းစဉ်များကို ပြည်တွင်းပြည်ပ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များက ဟောပြောပို့ချသွားမည်ဟု သိရသည်။ ထို့ပြင် ဟောပြောသူများ စုပေါင်း၍ မြို့ပြစီမံကိန်းများအတွက် လိုအပ်သော ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုများကို မည်သို့ ရယူစုဆောင်းအသုံးပြုနိုင်မည်နည်းဟူသော စကားဝိုင်းကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို မြန်မာနိုင်ငံဗိသုကာအသင်း ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၉-၉၆၃၄၂၂၅၅၆၊ ၀၉-၄၄၃၁၅၄၄၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စာရင်းသွင်းကာ တက်ရောက်နိုင်ကြောင်း၊ တက်ရောက်သူအရေအတွက် ကန့်သတ်ထားသဖြင့် ဆောလျင်စွာ ကြိုတင်စာရင်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် မတ် ၅**

ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော်  မတ် ၅

၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာအဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက်  တိုင်းဒေသကြီး၊ ပြည်နယ်များ၏  ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်လိုက်သည်။

အခြေခံပညာဦးစီးဌာန ၂၀၁၉ ခုနှစ် အဌမတန်း လူရည်ချွန်စာရင်း

(ယမန်နေ့မှအဆက်)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဇာနည်ဘုန်းထက် | အထက(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မထက်ထက်ထွန်း | အထက(ခွဲ) အလက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်လူခန့်စိုး | အထက-မိုင်းနား | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မနန်းသဇင်သိန်း | အထက-ခတ်ချို | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ထူးမြတ်စံ | အထက-အုတ်ကျင်း | မိုးညှင်း | မိုးညှင်း |
| ၆ | မသန့်ရည်မွန်ဆွေ | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်စိုင်းဘုန်းပြည့်သိမ့် | အထက(၁)ဗန်းမော် | ဗန်းမော် | ဗန်းမော် |
| ၈ | မသီရိထက်ထက် | အောင်(ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ခမ်းလိတ် | အထက-မချမ်းဘော | မချမ်းဘော | ပူတာအို |
| ၁၀ | မစန္ဒာထွန်း | အလက-မြို့မ | ပူတာအို | ပူတာအို |
| ၁၁ | မောင်အောင်ကျော်ဦး | အထက-ငွေတောင် | ဒီးမော့ဆို | လွိုင်ကော် |
| ၁၂ | မသင်းနန္ဒီစိုး | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်သီဟမင်း | အထက-ဘော်လခဲ | ဘော်လခဲ | ဘော်လခဲ |
| ၁၄ | မနော်ပုလဲဝါး | အထက(ခွဲ)ခဲမဖြူ | ဖားဆောင်း | ဘော်လခဲ |
| ၁၅ | ခွန်အောင်ပိုင်သူ | အထက-စက်ရုံ | ဘားအံ | ဘားအံ |
| ၁၆ | နန်းအေးမြမြရှင် | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်ဖြိုးနိုင်ဦး | အထက(ခွဲ) ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မဆုမြတ်သန္တာ | အထက(၁) ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မောင်ထော်နီရွှေတလိန်း | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မနော်မီနွန်ထပါရ် | အထက(၄)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်သိန်းမင်းဦး | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မဒါလ်းနဲမ်းလွန်း | အထက(ခွဲ)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၃ | မမြင့်မြတ်မွန် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်နိုင်းလိန်း | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်ကျော်စောဟိန်း | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မမျိုးပွင့်မြတ် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်ဝေထွန်း | အထက(၁)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၂၈ | မောင်သစ်မင်းချစ် | အလက-ကျီကုန်း | ကျွန်းလှ | ရွှေဘို |
| ၂၉ | မမြသင်းကြူ | အထက(၃)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၃၀ | မနှင်းနဒီအောင် | အထက(၁)ရေဦး | ရေဦး | ရွှေဘို |
| ၃၁ | မောင်စိုးလွင်ထက် | ပါရမီ(ကပက) | မုံရွာ | မုံရွာ |
| ၃၂ | မဟန်ဆုနိုင် | အထက-ညောင်ကန် | ဘုတလင် | မုံရွာ |
| ၃၃ | မောင်ဇေယျာမင်း | အထက(ခွဲ)ကုန်းရွာ | ယင်းမာပင် | ယင်းမာပင် |
| ၃၄ | မမြင့်သော်တာထက် | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၅ | မောင်ကျော်ကိုကိုသက် | အထက-မဲဇာ | အင်းတော် | ကသာ |
| ၃၆ | မောင်အောင်နိုင်သန့် | အထက(၂)ကောလင်း | ကောလင်း | ကသာ |
| ၃၇ | မဆုပြည့်ပြည့်နိုင် | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၈ | မဇင်သန့်မွန် | အထက-ပင်လည်ဘူး | ပင်လည်ဘူး | ကသာ |
| ၃၉ | မောင်ညဏ်စင်လင်းထက် | အထက(၆)ကလေး | ကလေး | ကလေး |
| ၄၀ | မနှင်းပွင့်ရွှေရည် | အထက(၆)ကလေး | ကလေး | ကလေး |
| ၄၁ | မောင်ဘုန်းခွန်ဖြိုး | အထက-ဖောင်းပြင် | ဖောင်းပြင် | မော်လိုက် |
| ၄၂ | မသန္တာကျော် | အထက-ဖောင်းပြင် | ဖောင်းပြင် | မော်လိုက် |
| ၄၃ | မောင်မူးငူ | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၄ | မခင်သီတာငြိမ်း | အထက-နောင်ပိုအောင် | ဟုမ္မလင်း | ခန္တီး |
| ၄၅ | မောင်မင်းဟန်သာ | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မအိမြတ်ဖူး | အထက-သရက်ချောင်း | သရက်ချောင်း | ထားဝယ် |
| ၄၇ | မောင်ကောင်းစည်သူ | အထက(ခွဲ)အလက(၁) | မြိတ် | မြိတ် |
| ၄၈ | မောင်ဇော်ဘုန်းသန့် | အထက(ခွဲ)အလက(၁) | ကော့သောင်း | မြိတ် |
| ၄၉ | မစိုးဝင်းမြတ် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၀ | မစုမြတ်ဇော်ဇော် | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မယုသွယ်အောင် | အထက(၂)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၂ | မောင်စံလင်းသန့် | အထက(၁)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၃ | မသံသာမိုးသန့် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မောင်တိုးတက်လင်း | အထက(၂) ညောင်လေးပင် | ညောင်လေးပင် | ပဲခူး |
| ၅၅ | မောင်စိုင်းမင်းခန့်ထွန်း | လေ့ကျင့်ရေး အလယ်တန်းကျောင်း | တောင်ငူ | တောင်ငူ |
| ၅၆ | မောင်သုထက်နိုင် | အထက-ရေတာရှည် | ရေတာရှည် | တောင်ငူ |
| ၅၇ | မသင်းဆုစန္ဒီ | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မအေးချမ်းမေ | အထက-ရေတာရှည် | ရေတာရှည် | တောင်ငူ |
| ၅၉ | မောင်ဇော်မိုးထိုက် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၀ | မောင်ကောင်းဆက်ဟန် | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၁ | မယွန်းရွှေရည်လင်း | အထက-မင်းကွက် | ပေါင်းတည် | ပြည် |
| ၆၂ | မမေမြတ်သက်နွယ် | အထက(၅)ပြည် | ပြည် | ပြည် |
| ၆၃ | မောင်မြတ်မင်းစံ | အထက-မြို့မ | နတ်တလင်း | သာယာဝတီ |
| ၆၄ | မောင်ညဏ်မင်းနိုင် | အထက-မြို့မ | ဇီးကုန်း | သာယာဝတီ |
| ၆၅ | မမျိုးမြမြနှင်း | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၆ | မသွန်းနဒီစံ | အလက(ခွဲ)ရန်ကုန် ပြည်လမ်း | ကြို့ပင်ကောက် | သာယာဝတီ |
| ၆၇ | မောင်ကောင်းထက် | အထက(၁)မကွေး | မကွေး | မကွေး |
| ၆၈ | မောင်ထူးဝင့်အောင် | အထက(၁) ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၆၉ | မအိမ့်ဆုပြည့် | အလက-ကန်သာ | မကွေး | မကွေး |
| ၇၀ | မဆုပြည့်သဇင် | အထက(၄)ချောက် | ချောက် | မကွေး |
| ၇၁ | မောင်နိုင်ထူးစံ | အထက(ခွဲ)သရက်ချဉ် | စလင်း | မင်းဘူး |
| ၇၂ | မမေမြတ်နိုးဇင် | အထက-ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၇၃ | မောင်ဟိန်းသူမောင် | အထက(၅)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၄ | မရှင်းသန့်ထက်ဝေ | အလက(၃)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၇၅ | မောင်ဟန်သူရထွန်း | အထက-ဆင်ပေါင်ဝဲ | ဆင်ပေါင်ဝဲ | သရက် |
| ၇၆ | မောင်ဟိန်းထက်ထွန်း | အထက-မင်းလှ | မင်းလှ | သရက် |
| ၇၇ | မခိုင်စန္ဒာမျိုး | အထက-ရွာထောင် | အောင်လံ | သရက် |
| ၇၈ | မခိုင်ဇင်သော် | အထက(၁)သရက် | သရက် | သရက် |
| ၇၉ | မောင်ရဲရင့်နိုင် | အထက-ထီးလင်း | ထီးလင်း | ဂန့်ဂေါ |
| ၈၀ | မယုဝတီနိုင် | အလက(ခွဲ) စည်ပင်သာယာ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၈၁ | မောင်ကောင်းမြတ် | စံဟိန်း(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၈၂ | မောင်အံ့ကို | CAE(ကပက) | ချမ်းအေးသာစံ | မန္တလေး |
| ၈၃ | မအိမ့်မှူးခင် | အထက(၁၆) ချမ်းအေးသာစံ | ချမ်းအေးသာစံ | မန္တလေး |
| ၈၄ | မစောယွန်းသီရိစံ | VEC(ကပက) | ချမ်းမြသာစည် | မန္တလေး |
| ၈၅ | မောင်ဇေလင်းထက် | အလက(၃)ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၈၆ | မမေသူအောင် | အထက(၁)မိုးကုတ် | မိုးကုတ် | ပြင်ဦးလွင် |
| ၈၇ | မောင်မင်းခန့်သူ | ယူနတီ(ကပက) | ကျောက်ဆည် | ကျောက်ဆည် |
| ၈၈ | မဆုရတီစိုင်း | ပညာစံအိမ်(ကပက) | စဉ့်ကိုင် | ကျောက်ဆည် |
| ၈၉ | မောင်ပြည့်ဖြိုးမောင် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၀ | မဖူးဝေသျှန် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၉၁ | မောင်ဖြိုးသီဟ | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၂ | မမေမှူးနွယ် | အထက-ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၉၃ | မောင်အောင်ဟိန်းကျော် | အထက-မလှိုင် | မလှိုင် | မိတ္ထီလာ |
| ၉၄ | မဆွိဒင်မြတ် | Fame(ကပက) | မိတ္ထီလာ | မိတ္ထီလာ |
| ၉၅ | မောင်မင်းပြည့်ဖြိုး | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၉၆ | မဖူးပြည့်ပြည့်ကိုကို | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၉၇ | မောင်ထူးမြတ်နိုင် | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၉၈ | မောင်တည်တံ့ | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၉၉ | မစန်းပွင့်ဦး | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၀ | မဟန်နီလင်း | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၁ | မောင်ကောင်းမြတ်သူ | အထက(၂)သထုံ | သထုံ | သထုံ |
| ၁၀၂ | မသူသူထက်စံ | အထက-ရင်းငြိမ် | ပေါင် | သထုံ |

(ဆက်လက်ဖော်ပြပါမည်)

### ❒ ရန်ကုန်မြို့မှ

ကျွန်တော့်ပြိုင်ဘက်ကလည်း အတော်လေးကောင်းတယ်လို့သိရပါတယ်။ ဒီပွဲက ကျွန်တော် မျှော်လင့်စောင့်စားခဲ့ရတဲ့ကျွန်တော့်ရဲ့အိပ်မက်ပါ။  ပထမအချီမှာတင် ပွဲသိမ်းနိုင်အောင်ကြိုးစားယှဉ်ပြိုင်သွားမှာပါ။ မြန်မာပရိသတ်တွေရှေ့မှာ အစွမ်းကုန် ယှဉ်ပြိုင်သွားမှာဖြစ်လို့ တကယ့်ကိုကြည့်ကောင်းမယ့် ပွဲဖြစ်မယ်လို့ယုံကြည်ပါတယ်'' ဟု ပြောသည်။

အဓိကတွဲဆိုင်းများတွင် ဝယ်သာဝိတ်ကမ္ဘာ့ချန်ပီယံပိုင်ရှင် Zebaztian Kades-tam (ဆွီဒင်)နှင့် Fight Nights ကမ္ဘာ့ချန်ပီယံဖြစ်သည့် Georgiy Kichigin (ကာဇက်စတန်)၊ ပြည်ပချန်ပီယံတွဲဆိုင်းများဖြစ်သည့် Alain Ngalans (ကင်မရွန်း) နှင့် Mauro Cerilli (အီတလီ)၊ လက်ဝှေ့ပြိုင်ပွဲများတွင် Kenta Yamada(ဂျပန်)နှင့် Petchmorrakot Petchyindee Aca-demg(ထိုင်း)၊Liam Nolan(အင်္ဂလန်) နှင့် Enriko Kehl(ဂျာမနီ)၊ Lin Heqin (တရုတ်)နှင့် Jomay Torres (ဖိလစ်ပိုင်)၊ Bizena Antoniyar (မြန်မာ)နှင့် Audre-ylaura Boniface(မလေးရှား)၊ လက်ဝှေ့အိတ်ပါပြိုင်ပွဲများတွင် Yuta Watanab (ဂျပန်)နှင့် Rui Boteiho (ပေါ်တူဂီ)၊ Kohei Kodera(ဂျပန်)နှင့် Kenny Tse (တရုတ်) တို့ ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ရုံဝင်ခွင့်လက်မှတ်များကို ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **အောင်ကျော်ဦး**

### ❖ ၂၀၂၀ တိုကျိုအိုလံပစ်မှ

ဧပြီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဧပြီ ၃ ရက်တွင် နီပေါအသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ဧပြီ ၆ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဧပြီ ၉ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးပွဲကို တစ်ချိန်တည်းကစားရမည်ဖြစ်သောကြောင့် မန္တလာသီရိနှင့် ဗထူးကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ဒီဇင်ဘာ ၁၇ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲများ ကစားခဲ့သလို ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲတွင်  ဝင်ရောက်ယှဉ်ပြိုင်ရာ ချန်ပီယံဆုရခဲ့သည်။ ယင်းပြိုင်ပွဲတွင် နီပေါအသင်းနှင့်အုပ်စုတစ်ပွဲ၊ ဗိုလ်လုပွဲတစ်ပွဲ၊ အိန္ဒိယအသင်းနှင့် အုပ်စုတစ်ပွဲ တွေ့ဆုံခဲ့ပြီး သုံးပွဲစလုံးအနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲမတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

### ■ မြန်မာ ယူ-၂၂ အသင်းမှ

နည်းပြချုပ်-ပိုပေါ့ဗ်၊ လက်ထောက်နည်းပြ-ဦးချစ်နိုင်၊ ဦးစိုးမြတ်မင်း၊ ကြံ့ခိုင်ရေးနည်းပြ-ဟွမ်ရိုမန်၊ ဂိုးနည်းပြ- ဦးအောင်ကျော်ကျော်၊ **ဂိုး**- ဘုန်းသစ္စာမင်း(ရှမ်း)၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ စိုးအာကာ(မကွေး)၊ ထွန်းနန္ဒဦး(မြဝတီ)၊ **နောက်တန်း**- ဝင်းမိုးကျော်(မကွေး)၊ ထူးခန့်လွင်၊ သူရိန်စိုး (ရန်ကုန်)၊ ရဲရင့်အောင် (၁)(ရတနာပုံ)၊ ဇင်ရဲနောင် (အား/ကာသိပ္ပံ)၊ စိုးမိုးကျော် (ဧရာဝတီ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း(ရှမ်း)၊ **အလယ်တန်း**-လွင်မိုးအောင်(ဧရာဝတီ)၊ အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင် (၂) (ရတနာပုံ)၊ မြတ်ထွန်းသစ်၊ ဇေယျာနိုင်၊ စိုးလွင်လွင် (မကွေး)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဇွဲသက်ပိုင်(ရှမ်း)၊ **ရှေ့တန်း**-ကောင်းထက်စိုး၊ လွှမ်းမိုးဦး(ရန်ကုန်)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို(ရှမ်း)၊ အောင်ကောင်းမာန် (ဧရာဝတီ) တို့ ပါဝင်ကြသည်။ **ရှိုင်းထက်ဇော်**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန် ကိုရီးယားသမ္မတနိုင်ငံသံရုံးက အထောက်အကူပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် KIA အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ Samsung Tablet PC အလုံး ၁၁၀ နှင့် Daewoo မီးစက်ငယ်အလုံး ၂၀ တို့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ပေးအပ်လှူဒါန်းခဲ့သည်။**(ယာပုံ)**



**များစွာသောရင်းနှီးမှုများရှိ**

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Sang-hwa က လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံသည် များစွာသောရင်းနှီးမှုများ ရှိကြပါကြောင်း၊ သမိုင်းအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း တူညီနေပါကြောင်း၊ ယနေ့ လှူဒါန်းထားသော ပစ္စည်းများသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကိုရီးယားနိုင်ငံ၏ အားပေးမှုကို ပြသနေခြင်းဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ကိုရီးယားနိုင်ငံ သံအမတ်ကြီးက JMC-U ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားပေးထောက်ခံသည့်အနေဖြင့် လှူဒါန်းထားသော အထောက်အကူပြုပစ္စည်းများအား လွှဲပြောင်းပေးအပ်သည်။

**အဓိကထားအသုံးပြု**

လွှဲပြောင်းပေးအပ်ပြီးနောက် JMC-U ဥက္ကဋ္ဌက ကိုရီးယားနိုင်ငံ သံအမတ်ကြီးထံ ဂုဏ်ပြုကျေးဇူးတင်လွှာ မှတ်တမ်းနှင့် အထိမ်းအမှတ်လက်ဆောင်အား ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် "NCA မှာပါတဲ့ သဘောတူညီချက်တွေကို လက်နက်ကိုင်အဖွဲ့အစည်းများ လိုက်နာမှုရှိ၊ မရှိ စောင့်ကြည့်ဖို့၊ အဓိကဖြစ်ပွားရာဒေသတွေမှာ ဒေသခံအရပ်သားစောင့်ကြည့်ရေး(LCM) တွေကို လုပ်ငန်းစဉ်အကောင်အထည်ဖော်ဖို့အတွက် ဆက်လက်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ဒီနေ့ ကိုရီးယားသမ္မတနိုင်ငံ သံရုံးက လှူဒါန်းတဲ့ အထောက်အကူပစ္စည်းတွေကိုလည်း ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာအဆင့် JMC တွေမှာ အဓိကထား အသုံးပြုသွားမှာ ဖြစ်ပြီးတော့ Samsung အမျိုးအစား Tablet အလုံး ၁၁၀ ကို ဒေသခံအရပ်သားစောင့်ကြည့်ရေး (LCM) တိုးချဲ့ဖွဲ့စည်းတဲ့အခါမှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ပဋိပက္ခဖြစ်ပွားခြင်းမရှိတဲ့ အချို့ဒေသတွေမှာဆိုရင် လျှပ်စစ်မီးမရရှိတဲ့အတွက် အဲဒီဒေသတွေမှာလည်း လိုအပ်တဲ့ မီးစက်တွေကို လိုအပ်သလို အသုံးပြုသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယနေ့ အခမ်းအနားသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖွဲ့စည်းဆောင်ရွက်**

အခမ်းအနားအပြီးတွင် သတင်းမီဒီယာများက ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Sang-hwa အား မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ကိုရီးယားနိုင်ငံကဲ့သို့ ပြင်ပနိုင်ငံများ၏ အမြင်ကို မေးမြန်းခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက "ဖြေရှင်းရမယ့် နည်းလမ်းတွေ၊ လုပ်ဆောင်ရမယ့် လုပ်ဆောင်မှုတွေ သတ်သတ်စီရှိပါတယ်။ နည်းလမ်းတစ်ခုပဲ သတ်မှတ်ပြီးတော့ အကုန်လုံးကို ပေါင်းစုံပြီးတော့ လုပ်လို့မရဘူး။ သူ့ဟာနဲ့သူ၊ သူ့နေရာနဲ့သူ အဖြေကိုရှာပြီး လုပ်ရမယ်လို့ ကျွန်တော် နားလည်မိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အချိန်တစ်ခုယူပြီး သည်းခံနိုင်စွမ်းနဲ့စောင့်ဖို့ လိုအပ်တယ်လို့ ခံစားမိပါတယ်။ ကိုရီးယားငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပုံစံကတော့ မတူပေမယ့် ငြိမ်းချမ်းရေး လိုအပ်တယ်ဆိုတာကတော့ တူညီချက်တစ်ခုလို့ ပြောလို့ရပါတယ်။ ပြီးခဲ့တဲ့လက ရခိုင်ပြည်နယ် ငပလီမှာ ကျင်းပခဲ့တဲ့ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ကိုရီးယားလုပ်ငန်းရှင်တွေနဲ့အတူတူ ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ အဓိကက ငြိမ်းချမ်းရေးသည် တစ်ခုတည်းသွားလို့မရဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပါ တစ်ပြိုင်တည်းသွားမှ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး မြန်မြန်ရမယ်လို့ ကျွန်တော် ထင်တယ်။ အဲဒါကြောင့် ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးဖို့အတွက် ကျွန်တော်တို့ အနေနဲ့လည်း ကဏ္ဍတစ်ခုအနေနဲ့ အားထုတ်နေပါတယ်" ဟု ဖြေကြားသည်။

JMC သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်လုပ်ငန်းများအား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ စောင့်ကြည့်နိုင်ရေးအတွက် ပဋိပက္ခနယ်မြေဒေသများတွင် ဒေသခံအရပ်သားစောင့်ကြည့်ရေး (LCM) ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

## သံအမတ်ကြီး ဦးစိုးလင်းဟန် လူဇင်ဘတ်နိုင်ငံ အကြီးအကဲ မြို့စားမင်းသားထံ ၎င်း၏ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၆**

လူဇင်ဘတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် လူဇင်ဘတ်မြို့၌ လူဇင်ဘတ်နိုင်ငံ အကြီးအကဲ မြို့စားမင်းသား အွန်နရီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ အစည်းအဝေး ထိုင်းနိုင်ငံ၌ ကျင်းပ

**ချင်းမိုင် မတ် ၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် PPST ၏ ကိုယ်စားလှယ် ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်ဆွေးနွေး**

အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ထိပ်သီးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT) အဖွဲ့ဝင်များနှင့် နည်းပညာအထောက်အကူပြုများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် PPST အဖွဲ့ခေါင်းဆောင် စောမူတူးဆေးဖိုးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် "ဒီနေ့ဟာ ကျွန်တော်တို့ PPST နဲ့ NCA အကောင်အထည်ဖော်ဖက်တွေဖြစ်တဲ့ မွန်ပြည်သစ်ပါတီ (NMSP) နဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့အကြား NCA အကောင်အထည်ဖော်မှုဆိုင်ရာတွေနဲ့ပတ်သက်ပြီး အတူတကွ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြမယ့် အစည်းအဝေးတစ်ခုဖြစ်သလို ကျွန်တော်တို့ကြားမှာရှိနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထားရှိကြတဲ့ အမြင်တွေကိုလည်း မူလရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး ကြိုးပမ်းတဲ့နေရာမှာ ပြည့်မီခြင်းရှိ၊ မရှိ ပြန်လည်သုံးသပ်ညှိနှိုင်းမှုပြုလုပ်ဖို့ လိုအပ်တဲ့အတွက် ခေါ်ဆိုတဲ့ အထူးအစည်းအဝေးတစ်ရပ်လည်း ဖြစ်ပါတယ်။ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆို့နေတဲ့ အနေအထားကနေ အပေါင်းလက္ခဏာဆောင်ပြီး ပိုမိုကောင်းမွန်တဲ့ အရွေ့တစ်ခုကို ဖန်တီးနိုင်ဖို့ လိုအပ်နေတယ်လို့လည်း ကျွန်တော်တို့ KNU နဲ့ RCSS တို့က ရှုမြင်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အကြားမှာ အကျေအလည် ညှိနှိုင်းဆွေးနွေးနိုင်မယ့် အထူးအစည်းအဝေး (Extraordinary Meeting) တစ်ရပ် လိုအပ်နေပြီဖြစ်လို့ အခုလို ခေါ်ယူတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ကိုယ်စားလှယ်ပြောင်းလဲမှု**

ယနေ့ ကျင်းပသည့် အစည်းအဝေးသည် အထူးအစည်းအဝေးဖြစ်ပြီး ညီညွတ်မှုကို ရှေးရှု၍ အကျေအလည် ညှိနှိုင်းဆွေးနွေးကြရမည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးမှနေ၍ လိုက်လျောညီထွေဖြစ်စေမည့် သင့်တော်သော ကိုယ်စားလှယ် ပြောင်းလဲမှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှစ်ဖွဲ့နှင့် ပတ်သက်၍ စောမူတူးဆေးဖိုးက "ကျွန်တော်တို့ နှစ်ဖွဲ့အနေနဲ့ PPST စုဖွဲ့မှုကို အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ရည်မှန်းချက်တူညီရာကို အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်တဲ့ ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးအဖြစ်သို့ အသွင်ပြောင်းလိုတဲ့ ကိစ္စကိုလည်း ဒီအထူးအစည်းအဝေးမှာ အဆိုပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုပြုချက်အတိုင်း KNU နှင့် RCSS တို့အနေနဲ့ကတော့ PPST အစည်းအဝေးနဲ့ ပတ်သက်ပြီး လိုက်လျောညီထွေဖြစ်စေမယ့် သင့်တော်တဲ့ ကိုယ်စားလှယ် ပြောင်းလဲမှုတွေကိုလည်း ပြုလုပ်သွားမှာဖြစ်ပါတယ် ဆိုတဲ့အကြောင်းကိုလည်း အသိပေးအပ်ပါတယ်"ဟု ပြောသည်။

**ဘုံရည်မှန်းချက်ကိုရှာဖွေ**

ဒီမိုကရေစီ၏အနှစ်သာရဖြစ်သည့် မတူကွဲပြားမှုကို အသိအမှတ်ပြုပြီး ညီညွတ်မှုတည်ဆောက်ခြင်း အခြေခံမှတစ်ဆင့် ဘုံရည်မှန်းချက်ကိုရှာဖွေ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပန်းတိုင်သို့ အရောက်ချီတက်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုမျိုးကို တည်ဆောက်ကြရန် တိုက်တွန်းကြောင်းကိုလည်း PPST အဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)ကို မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ကော်မတီတစ်ရပ်အနေဖြင့် ၂၀၁၆ ခုနှစ် မတ်လအတွင်းက NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင် ရှစ်ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးကို မတ် ၆ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-EPRN**

# တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု မြန်မာအပါအဝင် မဟာမဲခေါင်ဒေသ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ခြိမ်းခြောက်လျက်ရှိ

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကျရောက်နေသော သတ္တဝါမျိုးစိတ်ပေါင်း ၃၃၁ မျိုးရှိကြောင်း၊ ထိုအထဲတွင် ငှက်မျိုးစိတ်များ၊ မျောက်ဝံများ၊ နွားလားများ၊ အာရှဆင်၊ Eld မျိုးစိတ်သမင်များ၊ ရေချိုလိပ်များ၊ သင်းခွေချပ်များနှင့် ကျားများပါဝင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သမဂ္ဂ(IUCN) Red List နောက်ဆုံးအစီရင်ခံစာအရ သိရသည်။




**ဂုဏ်ပြုချီးကျူး**

ထို့အပြင် မြန်မာနိုင်ငံရှိ ဘေးမဲ့ကန့်သတ်ထားသော နေရာများ၏ ၇၀ ရာခိုင်နှုန်းခန့်တွင် အမဲလိုက်သတ်ဖြတ်မှုများကို တွေ့ရှိနေရသည်ဟု ယနေ့ မွန်းလွဲပိုင်းက ကမ္ဘာအေးဘုရားလမ်းရှိ Goethe Villa ၌ ကျင်းပသည့် ပြည်တွင်းဥရောပသမဂ္ဂက ထုတ်ပြန်သော တရားမဝင် တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ဖောက်ကားမှု အဆုံးသတ်ရေးနှင့်စပ်လျဉ်းသည့် ကျားထက်သာလွန်၍ အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားမှ သိရသည်။

သို့သော် မြန်မာနိုင်ငံ၏ တောရိုင်းတိရစ္ဆာန်များနှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ကာကွယ်စောင့်ရှောက်ရန် အားဖြည့်ဆောင်ရွက်ခဲ့မှုများအပေါ် မြန်မာအစိုးရအား ဥရောပသမဂ္ဂ သံတမန်အကြီးအကဲများနှင့်တကွ အဖွဲ့ဝင်နိုင်ငံများက ဂုဏ်ပြုချီးကျူးကြောင်းကိုလည်း မတ် ၃ ရက်တွင် ကျရောက်သည့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့တွင် ဥရောပသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Kristian Schmidt က "မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေကို မျိုးသုဉ်းမပျောက်ကွယ်အောင် ကာကွယ်စောင့်ရှောက်ဖို့ ဥရောပသမဂ္ဂက ဆုံးဖြတ်ထားပါတယ်။ အနာဂတ်မျိုးဆက်တွေအတွက် မြန်မာ့အဖိုးတန် သဘာဝအမွေအနှစ်တွေကို စောင့်ရှောက်ဖို့ မြန်မာနိုင်ငံရဲ့ကြိုးစားအားထုတ်မှုတွေကို အင်တိုက်အားတိုက် ကူညီပေးသွားမှာပါ"ဟု ပြောသည်။

**တစ်နေ့တခြား လျော့ပါးလာနေ**

သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ၏ ဌာနေဒါရိုက်တာ ဦးစောထွန်းက "တောရိုင်းတိရစ္ဆာန်ဆိုင်ရာရာဇဝတ်မှုတွေဟာ မြန်မာနိုင်ငံရဲ့ ရေ၊ မြေ၊ တော၊ တောင်နဲ့ သစ်တောတွေကို လုံးဝပြောင်းလဲလိုက်ပါတယ်။ အဖိုးတန်ရှားပါးသတ္တဝါမျိုးစိတ်တွေလည်း တစ်နေ့တခြား လျော့ပါးလာနေပါတယ်။ ဒါတွေကို ထိထိရောက်ရောက် မနှိမ်နင်းရင် ကျွန်တော်တို့ရဲ့ အဖိုးတန်ရှားပါးသတ္တဝါမျိုးစိတ်တွေ မျိုးသုဉ်းပျောက်ကွယ်သွားပါလိမ့်မယ်။ အခုအစီရင်ခံစာမှာ မြန်မာနိုင်ငံနဲ့ မဟာမဲခေါင်ဒေသအတွင်းမှာရှိတဲ့ နိုင်ငံတွေမှာ ဒီရာဇဝတ်မှုတွေ ပပျောက်သွားအောင် ဖြစ်နိုင်ခြေရှိတဲ့ အကြံပြုချက်တွေ ထည့်သွင်းဖော်ပြထားပါတယ်"ဟု ဆိုသည်။

**အကြီးမားဆုံးခြိမ်းခြောက်မှုကြီးဖြစ်**

တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုသည် မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုကြီးဖြစ်ကြောင်း၊ အဆိုပါဒေသအတွင်း အသက်အန္တရာယ်ခြိမ်းခြောက်ခံနေရသော ဇီဝမျိုးစုံမျိုးကွဲပေါင်း ၇၉၅ မျိုးရှိပြီး ၎င်းတို့အနက်မှ မျိုးစိတ်ပေါင်း ၁၂၃ မျိုးသည် အလွန်အကျွံ အမဲလိုက်ခြင်းနှင့် တရားမဝင်ကုန်သွယ်ခြင်းအန္တရာယ်များကြားတွင် ကျရောက်နေကြောင်း၊ ကမ္ဘာပေါ်ရှိ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာ ဈေးကွက်ကြီးများဖြစ်သည့် တရုတ်၊ ဗီယက်နမ်တို့နှင့်အတူ မဟာမဲခေါင်ဒေသအတွင်း နိုင်ငံများသည် တရားမဝင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ သယ်ယူပို့ဆောင်ရာ၊ ရောင်းဝယ်ဖောက်ကားရာ ဈေးကွက်ကြီးတစ်ခုအဖြစ် ဖြစ်တည်လျက်ရှိကြောင်း ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

**တရားမဝင်ကုန်သွယ်မှုများ တားဆီးနှိမ်နင်း**

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ကျား၊ ဆင်၊ ပြောင်၊ ဝက်ဝံ၊ သင်းခွေချပ်၊ ရွှေသမင် စသည့် ရှားပါးသတ္တဝါများကို အမဲလိုက်သတ်ဖြတ်မှုများ လျော့ပါးရေး၊ တရားမဝင်ကုန်သွယ်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်လာနေသည်ကို ပြည်သူများ ပိုမိုသိရှိလာစေရန် ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်ရေး၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးနှိမ်နင်းရာတွင် ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် မြန်မာနိုင်ငံတွင် ပထမဆုံး ဆင်ပြတိုက်ဖွင့်လှစ်ခြင်းနှင့်အတူ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ဒုတိယအကြိမ် ဖျက်ဆီးခြင်းအခမ်းအနားကို ကမ္ဘာ့တောရိုင်းတိရစ္ဆာန်နေ့ဖြစ်သည့် မတ် ၃ ရက်က ရန်ကုန်မြို့ သဘာဝသမိုင်းပြတိုက် တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ဖျက်ဆီးမည့် ဖမ်းဆီးရမိ တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများမှာ ဆင်စွယ်စုစုပေါင်း ၂၁၉ ချောင်း၊ ကျားနှင့် ကျားသစ်အရိုးမျိုးစုံ ၅၂၇ ချောင်း၊ ဦးချိုမျိုးစုံ အချောင်း ၈၀၀၊ သင်းခွေချပ်အကြေးခွံ ၁၃၄ ဒသမ ၇၂ ကီလိုဂရမ်၊ လိပ်ခွံနှင့် ဆင်နှာမောင်းချောက် ၅ ဒသမ ၅ ကီလိုဂရမ် စုစုပေါင်း အလေးချိန်ပမာဏအားဖြင့် ၇၆၆ ဒသမ ၁၁ ကီလိုဂရမ်ဖြစ်ပြီး တန်ဖိုးအားဖြင့် မြန်မာငွေကျပ်သိန်းပေါင်း ၁၇၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့်ရှိကြောင်း သိရသည်။

**သတင်း-ဥမ္မာသန့်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ-ရဲထွဋ်**

# မြန်မာလူငယ်အမျိုးသမီးဂေါက်သီးအဖွဲ့ သြစတြေးလျနိုင်ငံ၌ ကျင်းပမည့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၅**

သြစတြေးလျနိုင်ငံ၌ မတ် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် (၄၁) ကြိမ်မြောက် Queen Sirikit Cup 2019 ပြိုင်ပွဲတွင် မြန်မာလူငယ်အမျိုးသမီးဂေါက်သီးအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**အတွေ့အကြုံရစေရန် ယှဉ်ပြိုင်ခြင်းဖြစ်**

မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးမျိုးသီဟ (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်)၊ ကစားသမားများအဖြစ် အိန်ဂျယ်လာအောင်၊ သင်းဝေခိုင်၊ သံလွင်မိုးသက်တို့ ပါဝင်သည်။ ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အမျိုးသမီးဂေါက်သီးကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအမျိုးသမီး ဂေါက်သီးရိုက်အဖွဲ့အနေဖြင့် အောင်မြင်မှုရယူနိုင်ရန်နှင့် အတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်သြစတြေးလျအပါအဝင် အင်ဒိုနီးရှား၊ အိန္ဒိယ၊ တရုတ်၊ မလေးရှား၊ တရုတ်တိုင်ပေ၊ နယူးဇီလန်၊ စင်ကာပူ၊ ဟောင်ကောင် စသည့်နိုင်ငံများ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**






# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဘက်စုံလုပ်ငန်းများအတွက် ဩဝါဒခံယူပွဲ ကျင်းပ

**ရန်ကုန် မတ် ၅**
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် ဘက်စုံလုပ်ငန်းများအတွက် ဩဝါဒါစရိယဆရာတော်များထံမှ ဩဝါဒခံယူခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဩဝါဒခံယူကြသည်။

ရှေးဦးစွာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဩဝါဒါစရိယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဗိုလ်တထောင်စေတီတော်တွင် ရှေ့ဆက်လုပ်ဆောင်မည့် ဘက်စုံလုပ်ငန်းများနှင့်ပတ်သက်၍ ဩဝါဒခံယူလျှောက်ထားခြင်း၊ တာဝန်ခံအလှည့်ကျဂေါပက ဦးလှမြင့်က ဂေါပကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဩဝါဒခံယူလျှောက်ထားခြင်း၊ ဂေါပကအဖွဲ့ဝင် ဦးသန်းလွင်က လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလျှောက်ထားခြင်း၊ ဂေါပကအဖွဲ့ဝင် ဦးမျိုးမြင့်က အစ်မတော်မြနန်းနွယ်ရုပ်တုအား ယာယီကျောင်းဆောင်သို့ ပြောင်းရွှေ့အပူဇော်ခံရေးနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြလျှောက်ထားခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒပြန်လည်ခံယူကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ကြာမှောက်ကြာလန်နေရာအားမျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ထံမှ အနုမောဒနာတရားတော်နာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊



လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။ **အေးမင်းသူ**

# မန္တလေးမဟာမုနိဘုရားကြီးတွင် ယာဉ်ရပ်နားခကို ဆင်ဆာစနစ်သုံး မောင်းတံဂိတ်ဖြင့် ပြောင်းလဲကောက်ခံမှုကြောင့် တစ်လလျှင် ကျပ်သိန်း ၂၀၀ ကျော် ပိုမိုကောက်ခံရရှိ

**မန္တလေး မတ် ၅**
မန္တလေးမဟာမုနိဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများ၏ ယာဉ်ရပ်နားခကောက်ခံမှုများအတွက် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ကာ ဇန်နဝါရီ ၁ ရက်မှစ၍ ဆင်ဆာစနစ်အသုံးပြု၍ မောင်းတံဂိတ်ထားရှိကာ စနစ်တကျကောက်ခံမှုများကြောင့် ယခင်လေလံစနစ်ပေး၍ ကောက်ခံရရှိငွေထက် တစ်လလျှင် ငွေကျပ်သိန်း ၂၀၀ ကျော် ပိုမိုကောက်ခံရရှိခဲ့ကြောင်း မန္တလေးမဟာမုနိဘုရား ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးကျော်ကျော်ဦးက ပြောကြားသည်။

ယခင်က အဆိုပါ ဘုရားကြီးတွင် ယာဉ်ရပ်နားခကောက်ခံမှုအား လေလံစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ လေလံရရှိသူများနှင့် ဘုရားဖူးလာပြည်သူများအကြား ယာဉ်ရပ်နားခကောက်ခံမှု နှုန်းထားများနှင့်ပတ်သက်၍ အဆင်မပြေမှုများ ကြုံတွေ့နေရသဖြင့် ဘုရားဖူးလာပြည်သူများ အဆင်ပြေလုံခြုံစိတ်ချစွာ ယာဉ်ရပ်နားမှုရှိစေရန်နှင့် ဘုရားဘဏ္ဍာငွေများ အလေအလွင့်မရှိဘဲ အပြည့်အဝ ကောက်ခံရရှိစေရန် ရည်ရွယ်၍



လေလံစနစ်ကို ရပ်ဆိုင်းကာ ယခုကဲ့သို့ နည်းပညာအသုံးပြု၍ ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခင်လေလံစနစ်ဖြင့် တစ်လလျှင် သိန်း ၈၀ ကျော်သာ ရရှိခဲ့သော်လည်း အဆိုပါစနစ်ဖြင့် ကောက်ခံမှုကြောင့် ယခုအခါ ကျပ်သိန်း ၃၀၀ ခန့်ရရှိခဲ့ကြောင်း သိရသည်။

"ဒီလိုပြောင်းလဲကောက်ခံဖို့အတွက် အမြန်လမ်းတွေမှာ အသုံးပြုနေတဲ့ နည်းပညာရပ်တွေကို နမူနာယူပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဂေါပကအဖွဲ့က ဝန်ထမ်းတွေကို တာဝန်ပေးပြီး ယာဉ်အဝင်၊ အထွက်စာရင်းကို မှတ်တမ်းတင်ထားရှိနိုင်ဖို့ smart card ထုတ်ပေးပြီး ကောက်ခံခိုင်းတာပါ။ ဒီလိုပြောင်းလဲကောက်ခံမှုအပေါ် အချို့က စီးပွားရေးဆန်လွန်းတယ်လို့ မှတ်ယူကြပေမယ့် ကျွန်တော်တို့ရဲ့အဓိကရည်ရွယ်ချက်ကတော့ ဘုရားဖူးတွေရဲ့ ကား၊ ဆိုင်ကယ်တွေ အဆင်ပြေစွာ ရပ်နားနိုင်ဖို့၊ ယာဉ်အဝင်၊ အထွက် စာရင်းကို မှတ်တမ်းတင်ထားရှိနိုင်ဖို့နဲ့ ဘုရားကြီးအတွက် ရရှိလာမယ့် ဘဏ္ဍာငွေ အလေအလွင့်မရှိဘဲ အပြည့်အဝ ရရှိစေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ယာဉ်ရပ်နားစခန်းများ တည်ဆောက်မှုကို ၂၀၁၇ ခုနှစ်အတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ ယာဉ်ရပ်နားခများ စနစ်တကျ ကောက်ယူနိုင်ရန် ဆင်ဆာစနစ်သုံး နည်းပညာရပ်များကို ရှစ်လခန့် အချိန်ယူတပ်ဆင်ခဲ့ကာ ယင်းလုပ်ငန်းများနှင့်အတူ လမ်းဖောက်လုပ်ခြင်း၊ နားနေခန်းများ ဆောက်လုပ်ခြင်းများအပါအဝင် စုစုပေါင်း ကျပ်သိန်း နှစ်ထောင်ခန့် ကုန်ကျခဲ့ပြီး လက်ရှိတွင် မော်တော်ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၂၀၀၊ ကားအသေးတစ်စီးလျှင် ငွေကျပ် ၃၀၀ နှင့် ကားကြီးတစ်စီးလျှင် ငွေကျပ် ၅၀၀ နှုန်း သတ်မှတ်၍ ကောက်ခံလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-အောင်ဖြိုးကျော်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုပြုလုပ်

**ရန်ကုန် မတ် ၅**
မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ယနေ့မွန်းလွဲ ၂ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ၌ ကျင်းပသည်။

**လက်တွေ့သရုပ်ပြ**

အဆိုပါ ဟောပြောပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြောခဲ့ပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား မီးငြိမ်းသတ်ပုံ လက်တွေ့သရုပ်ပြခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ဦးရဲဝေ (မြန်မာစာ)
တက္ကသိုလ်ဝင်တန်း
သင်ရိုးသစ်၊ သင်ရိုးကုန် မြန်မာစာလေ့လာချက်
သဒ္ဒါ၊ ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ်၊ ပုံစံသစ် တာစီတာကုံး၊ အဆိုဆွေးနွေး ရေးသားခြင်းများအပါအဝင် မေးခွန်းပုံစံသစ် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ရေးသားပြုစုထားပါသည်။
■ ပင်ရင်းဖြန့်ချိရေး - စံပယ်ပွင့်စာပေ ■ မန္တလေးဖြန့်ချိရေး - နဂါးစာပေ

# လက်တင်အမေရိကနိုင်ငံများသို့ သွားရောက်ခဲ့သည့် ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဇာတိနိုင်ငံသို့ပြန်လည်ရောက်ရှိ

**ကာရာကတ်စ် မတ် ၅**

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်နှင့် မိမိကိုယ်ကို ကြားဖြတ်သမ္မတအဖြစ် ကြေညာထားသူ ဂျူအန် ဂွါအီဒိုသည် ဇာတိနိုင်ငံသို့ မတ် ၄ ရက်တွင် ပြန်လည်ရောက်ရှိလာသည်။ ၎င်းအား ထောက်ခံမှုများပေးရန်အတွက် တောင်းဆိုမှုများပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် လက်တင်အမေရိကဒေသတွင်းရှိ နိုင်ငံများသို့ လှည့်လည်သွားရောက်ပြီးနောက်တွင် ဗင်နီဇွဲလားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသို့ မတ် ၄ ရက်တွင် ပြန်လည်ရောက်ရှိလာသည့် ဂျူအန် ဂွါအီဒိုသည် မြို့တော်ကာရာကတ်စ်တွင် ၎င်းအား ထောက်ခံသူများကို မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် လွတ်လပ်မှုပြန်လည်မတည်ဆောက်နိုင်သေးသမျှ ၎င်းလက်မြှောက်အရှုံးပေးမည်မဟုတ်ဟု ဂွါအီဒိုက ၎င်း၏မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့အကြား ဖြစ်ပွားသည့် ထိပ်တိုက်ရင်ဆိုင်မှုများက ဗင်နီဇွဲလားနိုင်ငံအား မတည်ငြိမ်မှုများအတွင်းသို့ရောက်ရှိစေခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံအချို့တို့က ဂွါအီဒိုအား ထောက်ခံမှုပေးခဲ့ကြပြီး ရုရှားနှင့် တရုတ်နိုင်ငံတို့ကမူ သမ္မတ မာဒူရိုကို ထောက်ခံကြသည်။

ဗင်နီဇွဲလားတရားရုံးချုပ်က ဂွါအီဒိုအား ခရီးသွားလာခွင့်ပိတ်ပင်သည့် အမိန့်ထုတ်ပြန်ခဲ့ခြင်းအပေါ် ၎င်းက မသိကျိုးကျွန်ပြုခဲ့ခြင်းကြောင့် ဗင်နီဇွဲလားအာဏာပိုင်များက ဂွါအီဒိုအား ဖမ်းဆီးထိန်းသိမ်းဖွယ်ရှိသည်။

ဂွါအီဒို ဗင်နီဇွဲလားသို့ ပြန်လည်ရောက်ရှိလာပုံနှင့် ၎င်းကိုထောက်ခံသူများအား မိန့်ခွန်းပြောကြားမှုကို အမေရိကန်နှင့် အခြားနိုင်ငံခြားသတင်းမီဒီယာများက တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။

ဗင်နီဇွဲလားအစိုးရအနေဖြင့် အတိုက်အခံခေါင်းဆောင်အား အန္တရာယ်ပြုပါက စစ်ရေးအရ စွက်ဖက်မည်ဟု အမေရိကန်က ခြိမ်းခြောက်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# ဟွာဝေးကုမ္ပဏီက အမေရိကန်အစိုးရအား ၎င်း၏ထုတ်ကုန်ပစ္စည်းများအသုံးမပြုရန် တားမြစ်ခြင်းအတွက် တရားစွဲဆိုမည်

**ဝါရှင်တန် မတ် ၅**

တရုတ်နိုင်ငံမှ ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ဟွာဝေးက အမေရိကန်အစိုးရအား ၎င်း၏ထုတ်ကုန်ပစ္စည်းများကို အသုံးမပြုရန် အမေရိကန်နိုင်ငံအတွင်းရှိ အေဂျင်စီများအား တားမြစ်ပိတ်ပင်ခဲ့သည့်အတွက် တရားစွဲဆိုမည်ဖြစ်ကြောင်း အမေရိကန်ဒေသန္တရမီဒီယာများက ယနေ့ သတင်းထုတ်ပြန်ကြသည်။

နယူးယောက်တိုင်းမ်နှင့် အခြားမီဒီယာများက ဟွာဝေးကုမ္ပဏီက ယခုရက်သတ္တပတ်အတွင်း ဟွာဝေးကုမ္ပဏီဌာနချုပ်အခြေစိုက်သည့် တက္ကဆက်ပြည်နယ်၏ တရားရုံးတစ်ခု၌ အမေရိကန်အစိုးရအား တရားစွဲဆိုရန် စီစဉ်မှုများပြုလုပ်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

သမ္မတထရန့်ဦးဆောင်သော အမေရိကန်အစိုးရက အမျိုးသားကာကွယ်ရေးဆိုင်ရာ ခွင့်ပြုချက် အက်ဥပဒေတစ်ရပ်ကို ပြီးခဲ့သော ဩဂုတ်လက ပြဋ္ဌာန်းခဲ့သည်။ အဆိုပါအက်ဥပဒေတွင် အမေရိကန်ပြည်ထောင်စုအတွင်းရှိ အေဂျင်စီအများအပြားအား ဟွာဝေးကုမ္ပဏီနှင့် ZTE ကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန် တားမြစ်ပိတ်ပင်ခဲ့သည်။ ယင်းသို့ ပိတ်ပင်ခြင်းမှာ အေဂျင်စီများ၏ လျှို့ဝှက်သတင်းများ မပေါက်ကြားစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု အမေရိကန်အစိုးရက ဆိုသည်။

အကြောင်းကိစ္စခိုင်လုံစွာ ထောက်ပြပြောဆိုခြင်းမရှိဘဲ ထိုသို့ ထုတ်ကုန်ပစ္စည်းများကို ပိတ်ပင်ခြင်းသည် အမေရိကန်အခြေခံဥပဒေကို ချိုးဖောက်ရာရောက်သည်ဟု ဟွာဝေးကုမ္ပဏီက ဆိုသည်။

အမေရိကန်တရားရေးဌာနက ဟွာဝေးကုမ္ပဏီ၏ ဘဏ္ဍာရေးအကြီးအကဲ မက်ဝမ်ဖူးအား လိမ်လည်မှုအပါအဝင် အခြားသောပြစ်ချက်များဖြင့် စွဲချက်တင်ခဲ့သည်။ လွန်ခဲ့သော ဒီဇင်ဘာလက အမေရိကန်အစိုးရ၏ တောင်းဆိုချက်အရ မက်ဝမ်ဖူးအား ကနေဒါအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

ကနေဒါနိုင်ငံတရားရုံးက လာမည့်ရုံးချိန်းတွင် မက်ဝမ်ဖူးအား အမေရိကန်အာဏာပိုင်များလက်သို့ လွှဲပြောင်းပေးရန်နှင့်ပတ်သက်ပြီး အမိန့်ချမှတ်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံတွင် လေထုညစ်ညမ်းမှုအန္တရာယ် ပိုမိုဆိုးရွားလျက်ရှိ

**ဆိုးလ် မတ် ၅**

တောင်ကိုရီးယားနိုင်ငံတွင် လေထုညစ်ညမ်းမှုအန္တရာယ် ပိုမိုပြင်းထန်လာခဲ့သည့်အတွက် တောင်ကိုရီးယားအစိုးရက အရေးပေါ်လုပ်ဆောင်ချက်များ ဆောင်ရွက်လျက်ရှိသော်လည်း အခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

တောင်ကိုရီးယားအစိုးရက အရေးပေါ်အခြေအနေဆောင်ရွက်ချက်များကို လွန်ခဲ့သော ငါးရက်အကြာက စတင်ခဲ့ကြောင်းသိရသည်။

လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာသောကြောင့် နိုင်ငံအတွင်းရှိ မိုးမျှော်တိုက်များကို သဲကွဲစွာ မြင်နိုင်စွမ်းမရှိသလောက်ပင်ဖြစ်သည်။ လေထုအတွင်းပါဝင်သော မြူမှုန်များ၏ သိပ်သည်းဆ တိုင်းတာမှုသည် PM ၂ ဒသမ ၅ ရှိကြောင်း သိရသည်။ အဆိုပါတိုင်းတာမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် လေထုသန့်ရှင်းမှုကန့်သတ်ချက်အတိုင်းအတာထက် ကျော်လွန်နေကြောင်း သိရသည်။




တောင်ကိုရီးယားအစိုးရ၏ အရေးပေါ်အခြေအနေလုပ်ရှားမှုများတွင် မော်တော်ယာဉ်သုံးစွဲမှုပိတ်ပင်ခြင်းနှင့် အပူစွမ်းအင်စက်ရုံများ၏ ထုတ်လုပ်မှုနှုန်းကို လျှော့ချခြင်း စသည်တို့ပါဝင်သည်။

မည်သို့ပင်ဆိုစေကာမူ နိုင်ငံအတွင်း လေထုညစ်ညမ်းမှုအန္တရာယ်သည် ပိုမိုဆိုးရွားလာသည့်အတွက် ကျန်းမာရေးဘေးဥပဒ်အန္တရာယ်များ ဖြစ်ပွားနိုင်ခြင်းနှင့် ခရီးသွားလာရေးလုပ်ငန်းများ ထိခိုက်မှုရှိစေခြင်းတို့ကြောင့် ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်အရှေ့ပိုင်း ဂါဇနီပြည်နယ်၌ လေကြောင်းမှ စီးနင်းတိုက်ခိုက်၊ တာလီဘန်အဖွဲ့မှ အရေးပါသော တပ်မှူးတစ်ဦးသေဆုံး

**ဂါဇနီ မတ် ၅**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ ဂါဇနီပြည်နယ် အန်ဒါခရိုင်အတွင်းရှိ တာလီဘန်အကြမ်းဖက်များ ပုန်းခိုနေသည့်နေရာတစ်ခုအား ပစ်မှတ်ထား၍ မတ် ၅ ရက်တွင် အာဖဂန်လေတပ်မှ လေယာဉ်များက စီးနင်းတိုက်ခိုက်ခဲ့ရာ ၎င်းအဖွဲ့မှ အရေးပါသော ကကာအမည်ရှိ တပ်မှူးတစ်ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာရပ်ဖ်နျူရီက ပြောကြားသည်။

ထောက်လှမ်းရေးသတင်းတစ်ရပ်အရ အန်ဒါခရိုင်တွင်းရှိ ဘက်ခ်ရှိဟိုအမည်ရှိ ကျေးရွာအတွင်းသို့ မတ် ၅ ရက်က လူအများသွားလာလှုပ်ရှားနေသည့် အချိန်အတွင်း အာဖဂန်လေတပ်မှ လေယာဉ်များက စီးနင်းတိုက်ခိုက်ခဲ့ရာ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် တာလီဘန်တပ်မှူး ကကာမှာ နေရာတွင် သေဆုံးခဲ့သည်ဟု နျူရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတာလီဘန်တပ်မှူး၏ သက်တော်စောင့်အချို့မှာ လေကြောင်းစီးနင်းတိုက်ခိုက်မှုအတွင်း သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မတည်မငြိမ်ဖြစ်နေသည့် ဂါဇနီပြည်နယ်အတွင်း တာလီဘန်တပ်ဖွဲ့မှ အရေးပါသော တပ်မှူးတစ်ဦးအား ချေမှုန်းပစ်နိုင်ခြင်းသည် ယင်းဒေသတွင်း၌ တာလီဘန်တို့နှင့် ဖြစ်ပွားနေသည့် စစ်ပွဲအတွက် အဓိကကျသော အောင်မြင်မှုတစ်ခုကို ရရှိခြင်းဖြစ်သည်ဟု ယင်းပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နျူရီက ပြောကြားသည်။

ယင်းသတင်းထုတ်ပြန်ချက်အပေါ် တာလီဘန်စစ်သွေးကြွအဖွဲ့က လတ်တလောတွင် မှတ်ချက်ပြုပြောကြားခြင်းမရှိပေ။

**ဆင်ဟွာ**



# ၂၀၁၉ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ် တရုတ် လျှော့ချမည်

**ပေကျင်း မတ် ၅**

တရုတ်အစိုးရက ယခုနှစ် ကာကွယ်ရေးကဏ္ဍအသုံးစရိတ်ကို ယမန်နှစ်ကထက် လျှော့ချသုံးစွဲမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကွန်ဂရက်(NPC)၏ နှစ်စဉ်ထုတ်ပြန်လျက်ရှိသော ကာကွယ်ရေးကဏ္ဍ ရသုံးငွေစာရင်းမူကြမ်းအရ သိရသည်။

၂၀၁၉ ခုနှစ် ကာကွယ်ရေးကဏ္ဍ အသုံးစရိတ်စာရင်းသည် ယွမ် ၁ ဒသမ ၁၉ ထရီလီယံ (ကန်ဒေါ်လာ ၁၇၇ ဒသမ ၆၁ ဘီလီယံ)၊ ၇ ဒသမ ၅ ရာခိုင်နှုန်းခန့် သုံးစွဲမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် အသုံးစရိတ်ပမာဏသည် ၈ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ခုနစ်ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ်တွင် ၇ ဒသမ ၆ ရာခိုင်နှုန်း ဖြစ်သည်။

တရုတ်နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍ ငွေကြေးသုံးစွဲမှုသည် နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုနှင့် ဘေးကင်းလုံခြုံမှုတို့အတွက်သာ ရည်ရွယ်ခြင်းဖြစ်ပြီး မည်သည့်နိုင်ငံအပေါ်ကိုမျှ ခြိမ်းခြောက်လိုခြင်းမရှိကြောင်း မတ် ၄ ရက်တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဥပဒေပြုဌာန ပြောရေးဆိုခွင့်ရှိသူ ရှန်ယီဆူက ဆိုသည်။ ကာကွယ်ရေးကဏ္ဍ ငွေကြေးသုံးစွဲမှုကို ကာကွယ်ရေး ကဏ္ဍမြှင့်တင်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ စစ်ရေးလေ့ကျင့်မှုများနှင့်လက်နက်ခဲယမ်းများ အဆင့်မြှင့်တင်တိုးချဲ့ခြင်းအပြင် တပ်ဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးအတွက် အဓိကရည်ရွယ်ပြီး အသုံးပြုလျက်ရှိသည်ဟု အမျိုးသားကွန်ဂရက် ဒုတိယဥက္ကဋ္ဌ ဟီက ဆိုသည်။

အမေရိကန်အစိုးရက ၂၀၁၉ ခုနှစ်တွင် ၎င်း၏ ကာကွယ်ရေးအသုံးစရိတ်ကို ၇၁၆ ဘီလီယံဒေါ်လာအထိ တိုးမြှင့်သုံးစွဲမည်ဖြစ်သည်။ အဆိုပါပမာဏသည် တရုတ်ကာကွယ်ရေးကဏ္ဍအသုံးစရိတ်၏ လေးဆဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကျွန်မအချစ်ဆုံး ယောက်ျားသုံးယောက် မကြာမီ ရုံတင်ပြသမည်




စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးက ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်) စီစဉ်ရိုက်ကူးတဲ့ ကျွန်မအချစ်ဆုံး ယောက်ျားသုံးယောက်လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ဇာတ်ကားကြီးကို မကြာမီ ရုံတင်ပြသဖို့ရှိနေပါတယ်။

ဒီဇာတ်ကားမှာဆိုရင် နာမည်ကြီးသရုပ်ဆောင်တွေဖြစ်တဲ့ အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ မင်းသားမင်းသမီးတွေအပြင် ဝါရင့်သရုပ်ဆောင် မင်းဦး၊ တက်သစ်စသရုပ်ဆောင် မင်းဘုန်းမြတ်၊ နန်းစန္ဒာလှထွန်း၊ အမ်မလီဘို အစရှိတဲ့သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားတာဖြစ်လို့ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်တဲ့ ဒရာမာဇာတ်ကားကောင်းလို့ ဆိုရမှာဖြစ်ပါတယ်။

ဒီဇာတ်ကားဟာ မင်းသမီးအသားပေးရိုက်ကူးတဲ့ ဇာတ်ကားလို့လည်း ဆိုနိုင်ပါတယ်။ အကယ်ဒမီ အိန္ဒြာကျော်ဇင်ကို ကျောင်းသူအရွယ် သမုဒယခင်အဖြစ်နဲ့လည်းကောင်း၊ ဖခင်ရဲ့အိမ်စီးပွားရေးမှာ အလုပ်အတူလုပ်ရင်း ခင်ပွန်းဖြစ်လာတဲ့ ကိုသက်ဝေရဲ့ဇနီး သမုဒယခင်အဖြစ်နဲ့လည်းကောင်း၊ သရုပ်ဆောင် မင်းဘုန်းမြတ်ရဲ့ မိခင် ဒေါ်သမုဒယခင် အဖြစ်နဲ့လည်းကောင်း ဇာတ်ရုပ်သုံးခုအဖြစ် တွေ့ရမှာဖြစ်ပါတယ်။

သမုဒယခင်ဟာ ကျောင်းသူဘဝမှာ သူ့ရဲ့အချစ်ဆုံးယောက်ျားက ဘယ်သူဖြစ်မလဲ။ အိမ်ထောင်သည်ဘဝမှာကော အချစ်ဆုံးယောက်ျားကဘယ်သူဖြစ်မလဲ။ မိခင်ဘဝမှာကော အချစ်ဆုံးယောက်ျားဆိုတာ ရှိနိုင်မလားဆိုတာ စိတ်ဝင်စားစရာဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ အမျိုးသမီးတွေ ဘဝမှာကြုံတွေ့ရတဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ရင်ဆိုင်ကျော်လွှားပုံတွေကို ပုံဖော်ရိုက်ကူးထားတဲ့ အိမ်ထောင်ရေးပညာပေးဇာတ်ကားကောင်းဖြစ်ပါတယ်။

သမုဒယခင်ရဲ့ ငယ်ရွယ်စဉ်ဘဝဖြတ်သန်းရတဲ့ လူမှုဘဝ၊ အိမ်ထောင်သည်ဘဝမှာ ကြုံတွေ့ရတဲ့ လူမှုဘဝ၊ အသက်အရွယ်ရလာတဲ့အခါ ကြုံတွေ့ရတဲ့လူမှုဘဝ အခြေအနေတွေကို ထင်ဟပ်ပေါ်လွင်အောင် ရိုက်ကူးထားတာဖြစ်လို့ အိမ်ထောင်ရေးပညာပေးဇာတ်ကားကောင်းဖြစ်လာဖို့သေချာတယ်။ ဒီဇာတ်ကားကို မတ်လ ၁၅ ရက်မှစပြီး တစ်နိုင်ငံလုံး ရုံတင်ပြသသွားမယ်လို့ သိရပါတယ်။

ဒါကြောင့်မို့ ကျွန်မအချစ်ဆုံး ယောက်ျားသုံးယောက် ဇာတ်ကားဟာ ရုပ်ရှင်ချစ်ပရိသတ်များအတွက် အကောင်းဆုံးအိမ်ထောင်ရေးပညာပေးဇာတ်ကားကောင်းဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ **ကိုကြေးမုံ**

# ပွဲဦးထွက်မှာပင် စံချိန်သစ်တင်လိုက်တဲ့ TXT




လတ်တလောမှာမှ တေးဂီတလောကအတွင်း စတင်ခြေချလာတဲ့ ကေပေါ့ပ်အမျိုးသားတေးဂီတအဖွဲ့ “TXT” ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ အဖွင့်တေးဗီဒီယိုနှင့်ပင် စံချိန်သစ်တင်နိုင်ခဲ့တာ တွေ့ရပါတယ်။ အဖွဲ့ရဲ့ ပထမဆုံးသော တေးဗီဒီယိုဖြစ်တဲ့ “Crown” ဟာ စတင်ထုတ်လွှင့်ခဲ့သည်မှ ၂၄ နာရီအတွင်း ကြည့်ရှုသူအများဆုံးဖြစ်ခဲ့တဲ့ ကေပေါ့ပ်အဖွဲ့တွေရဲ့ ပွဲဦးထွက်တေးဗီဒီယို ဖြစ်လာခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပရိသတ်ရှေ့ရောက်လာဖို့ရာ အချိန်အတော်ကြာစောင့်မျှော်ခဲ့ရတဲ့ တောင်ကိုရီးယားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TXT” ဟာ ပြီးခဲ့တဲ့ မတ် ၄ ရက်မှာ အဖွဲ့ရဲ့ ပွဲဦးထွက် တေးဗီဒီယို “Crown” ကို ထုတ်လွှင့်ပေးခဲ့ပြီး အဖွဲ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို ပရိသတ်ရှေ့အရောက် ပို့ဆောင်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့သည်မှ ၂၄ နာရီအတွင်း ကြည့်ရှုသူပရိသတ် ၁၄၄၉၃၃၇၈ ဦး ရှိခဲ့ပြီး ဒါဟာ ကေပေါ့ပ်အဖွဲ့တွေရဲ့ ပွဲဦးထွက်တေးဗီဒီယိုတွေအနက် ကြည့်ရှုသူအများဆုံး ဖြစ်ခဲ့ကာ အဖွင့်မှာပင် စံချိန်သစ် တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ယခင်က ကြည့်ရှုသူ ပရိသတ်အများဆုံး ပွဲဦးထွက်တေးဗီဒီယိုအဖြစ် “ ITZY” ရဲ့ “Dalla Dalla” တေးဗီဒီယိုက စံချိန်တင်ထားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

“Crown” တေးဗီဒီယိုနဲ့အတူ အဖွဲ့ရဲ့ပထမဆုံးသော တေးအယ်လ်ဘမ် “ The Dream Chapter: STAR” ကိုလည်း ထုတ်လွှင့်ပေးခဲ့ပါတယ်။ “Crown” ကတော့ အဆိုပါတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးတစ်ပုဒ်ဖြစ်ပြီး ပထမဆုံး ထုတ်လွှင့်ခဲ့တဲ့ တေးဗီဒီယိုလည်း ဖြစ်ပါတယ်။ “Crown” မှာတော့ ဆယ်ကျော်သက်တစ်ဦးရဲ့ နာကျင်ခံစားရတဲ့ ခံစားချက်တွေ ကြီးထွားလာရတဲ့ အကြောင်း ရေးဖွဲ့ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ “The Dream Chapter: STAR” တေးအယ်လ်ဘမ်ဟာလည်း စတင်မထုတ်လွှင့်မီကပင် ကြိုတင်မှာယူမှုတွေ များခဲ့ပါတယ်။ ဒ့ါအပြင် စတင်ထုတ်လွှင့်ပေးချိန်မှာလည်း ၂၄ နာရီအတွင်းမှာပင် iTunes တေးဂီတဇယားတွေမှာ ထိပ်ဆုံးကနေ နေရာရနေတာကိုလည်း တွေ့ရပါတယ်။ လက်ရှိမှာတော့ ကမ္ဘာတစ်ဝန်းက အဆိုပါတေးဂီတဇယားတွေရဲ့ဒေသ ၄၄ ခုမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေကြောင်းလည်း သိရပါတယ်။

“TXT” မှာ အဖွဲ့ဝင်ငါးဦးပါဝင်ပြီး ဒီတေးဂီတအဖွဲ့ဟာ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ စောင့်မျှော်နေရတဲ့ အဖွဲ့လည်း ဖြစ်ပါတယ်။ “TXT” ဟာ ကမ္ဘာကျော် ကေပေါ့ပ်အမျိုးသားတေးဂီတအဖွဲ့ “BTS” နဲ့ အေဂျင်စီတစ်ခုတည်းအောက်မှာ လှုပ်ရှားနေတဲ့ အဖွဲ့ဖြစ်ပြီး ဘစ်ဂ်ဟစ်ထ်အန်တာတိန်းမန့်ရဲ့ “BTS” ပြီးနောက် ပထမဆုံး မွေးထုတ်ပေးလိုက်တဲ့ အမျိုးသားတေးဂီတအဖွဲ့လည်း ဖြစ်ပါတယ်။ **အေးပြည့်**



# ဘူးသီးတောင် မီးလောင်မှု နေအိမ် ၂၅ လုံး ဆုံးရှုံး

**စစ်တွေ မတ် ၅**

ဘူးသီးတောင်မြို့နယ် တောင်ဘဇာနယ်မြေ ငရန့်ချောင်း ကျေးရွာတွင် ယမန်နေ့ ညနေ ၄ နာရီခန့်က ဆေးလိပ်မီးမှ တစ်ဆင့် မီးလောင်ခဲ့ရာ နေအိမ် ၂၅ လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငရန့်ချောင်းကျေးရွာ အဒူကော်ရိမ်က နေအိမ်အနီးရှိ ကိုင်းတောအတွင်း ဆေးလိပ်မီးပေါ့ဆစွာ စွန့်ပစ်ခဲ့ရာမှ လူနေအိမ်သို့ မီးကူးစက်လောင်ခဲ့ပြီး လူနေအိမ် ၁၃ လုံး၊ လူနေထိုင်ခြင်း မရှိသည့်အိမ် ၁၂ လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ စစ်တွေမြို့ မင်းဂံရပ်ကွက် ကန်တော်ကြီး အကွက်(၅)တွင် ယနေ့နံနက် ၁ နာရီခန့်က ဘုရားမီးမှ တစ်ဆင့် အနီးရှိဝါးထရံသို့ မီးကူးစက်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့သဖြင့် လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဟန်လင်းထက်**






# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်၍ ၁၁ ဦး သေ၊ ၂၅ ဦးဒဏ်ရာရ

**နေပြည်တော် မတ် ၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယနေ့နံနက် ၆ နာရီက ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်၍ ၂၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁၁ ဦး သေဆုံးခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၇၇/၃) နှင့် (၇၇/၄) အကြားတွင် ဝင်းထွန်း ကလေးမြို့နယ်မြေ (၂) နေသူ မောင်းနှင်လာသော High Class-Express ခရီးသည်တင်ယာဉ်မှာ နောက်ယာဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကာရံထားသည့်တန်းကို တိုက်ပြီး လမ်းဘေးသို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ သံဃာငါးပါး၊ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၄၂ ဦး အနက် သံဃာတစ်ပါး၊ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ကိုးဦးတို့ ဒဏ်ရာရရှိခဲ့ပြီး သံဃာလေးပါး၊ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

သို့ပါ၍ ယာဉ်မောင်းအား အမြန်လမ်းရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# ပုဗ္ဗသီရိမြို့နယ်၌ ကျည်ဆန်နှင့် ကျည်အိမ်အဟောင်းများ တွေ့ရှိ

**နေပြည်တော် မတ် ၅**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇေယျာဒီပရပ်ကွက်အနီးရှိ စည်ပင်အမှိုက်ပုံကုန်း(၁)မှ ကျည်ဆန်နှင့် ကျည်အိမ်(ကျည်ဘောက်)အဟောင်းများကို ယမန်နေ့ ညနေပိုင်းက တွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် အကွက်ကြီး(၃)မှ အမှိုက်များကို တင်ဆောင်၍ ဆန်းထွန်းမင်း စည်ပင်ဝန်ထမ်းအိမ်ရာနေထိုင်သူ မောင်းနှင်လာသော 9B/----(Canda) ယာဉ်သည် ဇေယျာဒီပရပ်ကွက်အနီးရှိ စည်ပင်အမှိုက်ပုံကုန်း (၁) အမှိုက်ကျင်းသို့ အမှိုက်များလာရောက်စွန့်ပစ်စဉ် ချစ်ကို(၂၀)နှစ် ရွှေကြာပင်ရပ်ကွက်နေသူက ယာဉ်ပေါ်ပါစွန့်ပစ်ပစ္စည်းဟောင်းများကို ရှာဖွေရာ MA အမျိုးအစား ကျည်အိမ် အဟောင်းတစ်ခု၊ BA-94 အမျိုးအစား ကျည်အိမ်အဟောင်းနှစ်ခုနှင့် 9MM အမျိုးအစားကျည်ဆန် ၂၂ တောင့်တို့အား တွေ့ရှိကြောင်း သတင်းအရ ပုဗ္ဗသီရိမြို့နယ် ထုံးဖို မြို့မရဲစခန်း ဒုရဲမှူးကျော်အောင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးကာ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကျည်အိမ်အဟောင်းသုံးခုနှင့် ကျည်ဆန် ၂၂ တောင့်အား ထုံးဖို မြို့မရဲစခန်း ဒုရဲမှူးကျော်အောင်က အမှတ် (၉၂၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



**ကံချွန်(ပြန်/ဆက်)**

# မံစီမြို့နယ်၌ လက်ပစ်ဗုံးပေါက်ကွဲ ကလေးငယ်ခြောက်ဦး ဒဏ်ရာရ

**မံစီ မတ် ၅**

ကချင်ပြည်နယ် မံစီမြို့နယ် မန်ဝိန်းကြီးကျေးရွာ၌ မတ် ၅ ရက်က နွားကျောင်းသွားသည့် ကလေးငယ်ခြောက်ဦး လက်ပစ်ဗုံးပေါက်ကွဲ၍ ဒဏ်ရာရရှိခဲ့ကြောင်း မန်ဝိန်းကြီးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၅ ရက် နံနက် ၉ နာရီက မန်ဝိန်းကြီးကျေးရွာ ရပ်ကွက်(၇) နေသူများဖြစ်ကြသည့် မောင်ဆန်အောင်(၁၆)နှစ်၊ မောင်ဆိုင်းမျိုးအောင်(၁၅)နှစ်၊ မောင်ဆွတ်ရိန်အောင်(၁၀)နှစ်၊ မောင်ဂျာဆိုင်းနော် (၉)နှစ်၊ မနန်းနန်း (၇)နှစ်နှင့် မမွန်းစောမ်ပန် (၅)နှစ်တို့ ခြောက်ဦးသည် နွားကျောင်းသွားစဉ် လမ်းဘေး၌ အရှည်လေးလက်မ၊ လုံးပတ်တစ်လက်မခန့်ရှိ လက်ပစ်ဗုံး အဟောင်းအား တွေ့ရှိ၍ ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပန်းတောင်းနှင့် လယ်ဝေးတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၅**

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ အဖွဲ့သည် ပန်းတောင်းမြို့နယ် ကြိုးပင်ခုတ်ကွက်(၁၂၁)၊ ပုသိမ်-မုံရွာကားလမ်းမိုင်တိုင်အမှတ်(၁၇၁/၄) အရှေ့ဘက်တွင် မတ် ၂ ရက်က တရားမဝင်ကျွန်းခွဲသားအချောင်း ၁၂၀ (၂၂ ဒသမ ၆၅၇၈ တန်) အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လယ်ဝေးမြို့နယ် ခြောက်မိုင်ကျေးရွာအနီး ဆည်ပေါင်လမ်းပေါ် ရေနီကြိုးဝိုင်းအကွက် (၅၅)အတွင်း 9B/----Nissan (အနက်ရောင်) ၁၀ ဘီးယာဉ်နှင့် 5B/----Nissan ၁၀ ဘီးယာဉ်တို့ပေါ်မှ တရားမဝင် သံသေ၊ မအူခွဲသား ၈၃ ချောင်း (၁၆ ဒသမ ၅၀၆၈ တန်)အား ပြစ်မှုကျူးလွန်သူ လေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မောင်လူမော်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းများက ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၀၅ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၅၇ သန်း) စုစုပေါင်းတားဆီးမှု ရှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၉၆၂ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ယာဉ်ငယ်ခြောက်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်များ၊ Metal Plate နှင့် Artifical Leather စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၀၅ သန်းအား သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆိုင်ကယ်လုယူထွက်ပြေးသူအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**လှည်းကူး မတ် ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် မတ် ၄ ရက်က ဆိုင်ကယ်လုယူမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၄ရက် ညနေ ၃ နာရီခန့်က မြင့်ဒွေးသည် ရဲမွန်တပ်ထိပ်ရှိ ဆိုင်ကယ်ကယ်ရီဂိတ်တွင် ရှိနေစဉ် အသက် ၃၀ ခန့်ရှိ အမျိုးသားနှစ်ဦးက ကြာကန် လမ်းဆုံသို့ လိုက်ပို့ရန် ကယ်ရီငှားခဲ့သဖြင့် လိုက်ပို့ပေးခဲ့ရာ အဆိုပါနေရာအရောက်တွင် အမျိုးသားနှစ်ဦးက ချွန်ထက်သောအရာဖြင့် ၎င်း၏ကျောပြင်အား ထိုးခဲ့ပြီး ဆိုင်ကယ်အား လုယူထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်အားလုယူမှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှူးနှင့် နယ်ထိန်းအဖွဲ့က ၎င်းတို့ထွက်ပြေးသွားရာ လမ်းတစ်လျှောက် လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ညနေ ၅ နာရီခန့်တွင် ဆိုင်ကယ်လုယူသွားသူ မင်းမင်းကျော်အား ဆိုင်ကယ်ပြင်ဆိုင်တွင် ရောင်းချနေစဉ် သက်သေခံဆိုင်ကယ်နှင့်အတူဖမ်းဆီးရမိခဲ့ပြီး မင်းမင်းကျော်နှင့်အတူ ရဲဝင်း(လိပ်စာစိစစ်ဆဲ)မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ရဲဝင်းအား ထပ်မံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

## ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်း

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ )**
**၁၃၈၀ ပြည့်နှစ်၊ လ ရက်**
**၂၀၁၉ ခုနှစ်၊ လ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ငါးမွေးမြူရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ခ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဂ) **ငါးမွေးမြူခြင်း**ဆိုသည်မှာ သဘာဝရေထုအတွင်းတွင်ဖြစ်စေ၊ ပြုပြင်ဖန်တီးထားသည့် ရေထုအတွင်းတွင်ဖြစ်စေ၊ မွေးမြူခြင်း နည်းစနစ်အမျိုးမျိုးဖြင့် ငါးမျိုးပွားများစေခြင်း၊ ငါးသားပေါက်စုဆောင်းခြင်း၊ ငါးများကို အဆင့်ဆင့်ကြီးပြင်းအောင် မွေးမြူထုတ်လုပ်ခြင်းကိုဆိုသည်။

(ဃ) **ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ရေအစဉ်အမြဲတည်ရှိသည် ဖြစ်စေ၊ ရေယာယီတည်ရှိသည်ဖြစ်စေ ငါးများနေထိုင်ကျက်စား ပေါက်ဖွားကြီးပြင်းရာရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်သမုဒ္ဒရာနှင့် လိပ်များဥချသည့် သဲသောင်များလည်း ပါဝင်သည်။

(င) **ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်အတွင်း ဤဥပဒေအရ သတ်မှတ်ထားသော ငါးမွေးမြူခြင်းလုပ်ငန်း တစ်ခုခု ဆောင်ရွက်နေသည့်ရေပြင် သို့မဟုတ် သီးသန့်ငါးမွေးမြူရေးရေပြင် သို့မဟုတ် အငှားချထားသည့် ငါးမွေးမြူရေး ရေပြင်ကို ဆိုသည်။

(စ) **သီးသန့်ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်းရေပြင် အတွင်း ငါးမျိုးစိုက်ထည့်၍ မွေးမြူထားပြီး ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ဦးစီးဌာနက ငါးမွေးမြူခြင်းလုပ်ငန်းကို စည်းကမ်းချက်များဖြင့် ကန့်သတ်၍ လုပ်ကိုင်ခွင့်ပြုသော ဤဥပဒေအရ သီးခြားသတ်မှတ်ထားသည့် ငါးမွေးမြူရေးရေပြင်ကို ဆိုသည်။

(ဆ) **အငှားချထားသည့် ငါးမွေးမြူရေးရေပြင်**ဆိုသည်မှာ ငါးလုပ်ငန်း ရေပြင်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ နယ်နိမိတ် သတ်မှတ်၍ အငှားဂရန်ဖြင့်ချထားသည့် ငါးမွေးမြူရေးရေပြင် ကို ဆိုသည်။

(ဇ) **ငါးမွေးမြူရေးမြေ**ဆိုသည်မှာ ငါးမွေးမြူရေးနည်းစနစ်တစ်မျိုး မျိုးဖြင့် ငါးမွေးမြူရန်အလို့ငှာ မြေအမျိုးအစားအလိုက် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ငါးမွေးမြူရန်ခွင့်ပြု ချက်ရရှိထားသည့်မြေတွင် ဤဥပဒေအရ သီးသန့်သတ်မှတ် ထားသည့်မြေကို ဆိုသည်။

(ဈ) **အငှားဂရန်**ဆိုသည်မှာ ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ သို့မဟုတ် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေး ရေပြင်တွင် ဤဥပဒေနှင့်အညီ ငါးမွေးမြူရန် အငှားဂရန်ချထား ခြင်းကို ဆိုသည်။

(ည) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရယူရန်သတ်မှတ်ထား သော ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် သက်ဆိုင်ရာ ဦးစီးဌာနမှူးက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူး တို့ကို ဆိုသည်။

(ဎ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်နှင့် မြို့နယ် ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ဦးစီးဌာနက စစ်ဆေးရေးမှူး အဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦး ကိုလည်းကောင်း၊ ဝန်ကြီးဌာနက အခါအားလျော်စွာ စစ်ဆေး ရေးမှူးအဖြစ် တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းတစ်ခုခုမှ ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်၊

(ခ) ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ကာကွယ် ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ငါးများ၏ ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့ စေရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးတို့အတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဃ) ငါးလုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန်နှင့် တရားမဝင်ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ကာကွယ်တားဆီး အရေးယူနိုင်ရန်၊

(င) ငါးမွေးမြူခြင်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ သုတေသနပြုရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(စ) ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

**အခန်း(၃)**
**ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်များ**

၄။ ဝန်ကြီးဌာနသည် ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက် ရေးအတွက် အောက်ဖော်ပြပါမြေနှင့် ရေပြင်များကို ဤဥပဒေနှင့်အညီ ငါးမွေးမြူရေးမြေများနှင့် ငါးမွေးမြူရေးရေပြင်များအဖြစ် စီမံခန့်ခွဲနိုင်သည် -

(က) ပုဒ်မ ၅ အရ ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေး မြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်၊

(ခ) သီးသန့်ငါးမွေးမြူရေးရေပြင်၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုပိုင် ငါးမွေးမြူရေးမြေနှင့် ငါးမွေး မြူရေးရေပြင်၊ ပုဂ္ဂိုလ်တစ်ဦးဦးပိုင်သော ပုဂ္ဂလိက ငါးမွေးမြူရေး မြေနှင့် ငါးမွေးမြူရေးရေပြင်။

၅။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါမြေနှင့် ရေပြင်များကို ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင် များအဖြစ် သတ်မှတ်နိုင်သည် -

(က) ဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိပြီး ငါးမွေးမြူနိုင်သည့် မြေနှင့် ရေပြင်များ၊

(ခ) ဦးစီးဌာနပိုင်အဖြစ် အမည်ပေါက်လျက်ရှိသည့် ငါးမွေးမြူရေး မြေနှင့် ငါးမွေးမြူရေးရေပြင်၊

(ဂ) ဝန်ကြီးဌာနက စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြု သော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းမရှိသည့်အပြင် ပုဂ္ဂိုလ်တစ်ဦးဦးအား အငှားဂရန် သို့မဟုတ် အငှားချထားပေးခြင်းမရှိသေးသည့် မြေနှင့် ရေပြင်များ၊ ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ပေး ခြင်းမရှိသေးသည့် မြေနှင့် ရေပြင်များ။

**အခန်း(၄)**
**ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး**

၆။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင် စေရန်အလို့ငှာ -

(က) ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတ အရင်းအမြစ်များနှင့် ဇီဝဂေဟစနစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များချမှတ်ပြီး အကောင်အထည် ဖော်ဆောင်ရွက်မှုကို လေ့လာဆန်းစစ်ခြင်း၊ ပြန်လည်သုံးသပ် ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ခ) ငါးမွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းမှု မရှိစေရေးနှင့် သန့်ရှင်းသည့်ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေး တို့အတွက် လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း နှင့် လိုအပ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ပြုရမည်။

(ဂ) ငါးမွေးမြူခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ အတွက် ချမှတ်ထားသော မူဝါဒများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၇။ ဦးစီးဌာနသည် -

(က) ငါးမွေးမြူခြင်းလုပ်ငန်းကို အထောက်အကူဖြစ်စေသည့် ငါးသယံဇာတအရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ရေတွင် ပေါက်ပွားသော အပင်များ၊ ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့ များ၊ ငါးမျိုးပေါက်ဖွားရာနေရာများ၊ သန္တာကျောက်တန်းများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယင်းတို့၏ ဇီဝဂေဟစနစ်များကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးအတွက် ဝန်ကြီးဌာန၏ လမ်းညွှန် ချက်နှင့်အညီ ငါးမွေးမြူရေးဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်း ရှင်များ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး လိုအပ်သောအစီ အစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဝန်ကြီးဌာနက စီမံခန့်ခွဲသည့် ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် အရည်အသွေးကောင်းမွန်သော ရေနှင့် ပတ်ဝန်းကျင်တည်ရှိရန် စီမံဆောင်ရွက်ရမည်။

(ဂ) ငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် ငါးရောဂါ များ ဝင်ရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်သည့် အစီအမံ များနှင့် ငါးရောဂါထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ရမည်။

(ဃ) ငါးမွေးမြူခြင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် ဖွံ့ဖြိုး တိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များနှင့် ဇီဝဂေဟ စနစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် သုတေသနပြုလုပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ငါးသယံဇာတ အရင်းအမြစ် ရှာဖွေမှတ်တမ်းတင်ခြင်း၊ သင်တန်းများပို့ချခြင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကဆွေးနွေးမှုထူထောင်ခြင်း တို့ကို ပြုလုပ်ရမည်။

(င) သုတေသနတွေ့ရှိချက်များကို ငါးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့ များ၊ ငါးလုပ်ငန်းရှင်များနှင့် အများပြည်သူသို့ သင့်လျော်ရာ နည်းဖြင့်ဖြန့်ဖြူး၍ အသိပညာပေးခြင်းများ ဆောင်ရွက်ရမည်။

(စ) ငါးမျိုးများ၊ ငါးဇီဝမျိုးစုံမျိုးကွဲနှင့် မျိုးစေ့များ၊ ငါးသားပေါက်များ ပြန့်ပွားစေရန် ငါးပေါက်ဖွားရာနေရာများ၊ ငါးသယံဇာတအရင်း အမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ယင်းတို့၏ ဇီဝဂေဟစနစ် များ၊ ပင်လယ်မြက်ခင်းများနှင့် သန္တာကျောက်တန်းများ ထိခိုက် ပျက်စီးမှုမရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်း ဆိုင်ရာ အခြားကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက် ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ရိခေါဒါရ်၌ ခရီးသွားလုပ်ငန်းနှင့် ညှော်ဝတ်ကျေပွန်မှု အသိပညာပေး(အခြေခံ) သင်တန်းဖွင့်လှစ်



**ရိခေါဒါရ် မတ် ၅**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရီးသွားလာခြင်းနှင့် ညှော်ဝတ်ကျေပွန်မှု အသိပညာပေး(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၄ ရက် နံနက် ၈ နာရီတွင် ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အဖွင့်အမှာစကားပြောကြားပြီး ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ဖြိုးက သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များ၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် အခြေခံဥပဒေများ၊ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းတွင် ရန်ကုန်မြို့ အမေအကယ်ဒမီကျောင်းမှ နည်းပြဆရာ ဦးတင်ကိုက သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ သင်တန်းသား ၄၀ သင်တန်းတက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၄ ရက်မှ ၈ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**ရိခေါဒါရ် (ပြန်/ဆက်)**

# ကလေးတက္ကသိုလ်၌ ဌာနပေါင်းစုံပါဝင်သောအဖွဲ့က အသိပညာပေးဟောပြောပွဲ ကျင်းပ





**ကလေး မတ် ၅**

ပညာရေးဝန်ကြီးဌာန ကလေးတက္ကသိုလ်တွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန(FDA)၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ကိစ္စရပ်များနှင့် စာဖတ်ရှိန်မြင့်မားရေးအသိပညာပေးဟောပြောပွဲကို မတ် ၄ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ တက္ကသိုလ်ရှိ ကဘော်(၃)ခန်းမ၌ကျင်းပသည်။

ကလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ချင်းပြည်နယ်(ခေတ္တ)ပြည်နယ်ဦးစီးမှူး ဦးသောင်းကြိုင်က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းစဉ်များကို မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်ငြိမ်းငြိမ်းအိနှင့် ဒုတိယကြီးကြပ်ရေးမှူးတို့က ဆေးဝါးနှင့် အလှကုန်ဆိုင်ရာ သိကောင်းစရာများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများနှင့် စပ်ဆေးများ သောက်ခြင်း၏ ဘေးထွက်ဆိုးကျိုးများအကြောင်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မေဆုဝေက အလုပ်သမားများ ပြည်ပသို့ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအတွက် စုံစမ်းဆောင်ရွက်ရန်ကိစ္စရပ်များအကြောင်း၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒေါ်သိမ့်သိမ့်ထွန်းက ကုန်စည်နှင့် ဝန်ဆောင်မှုများအကြောင်း၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြထားရှိခြင်းမရှိသော စားသောက်ကုန်များကိုလည်း အထူးသတိပြုဖတ်ရှုပြီးမှသာ သုံးစွဲသင့်ကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းထိုက်အောင်က စာဖတ်ခြင်းဖြင့် မိမိဘဝကို မြှင့်တင်နိုင်ကြစေရန် စာများများဖတ်ကြရန် လိုအပ်ကြောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

**သန်းထိုက်အောင် (ပြန်/ဆက်)**

## မျက်စိဆရာဝန်ကြီးနှစ်ဦး စွမ်းဆောင်ရည်ဂုဏ်ထူးဆောင်ဆုယူရန် ဗန်ကောက်သို့ထွက်ခွာ

**ရန်ကုန် မတ် ၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မတ် ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၃၄) ကြိမ်မြောက် အာရှ- ပစိဖိတ်မျက်စိရောဂါ အကယ်ဒမီညီလာခံ (Asia- Pacific Academy of Ophthalmology Congress) ၌ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးအေးထွန်းအား “မိမိနိုင်ငံအတွက် မျက်စိရောဂါပညာကို မြင့်မားတိုးတက်အောင် ထင်ရှားကျော်ကြားစွာဆောင်ရွက်ခဲ့သည့်အတွက် ချီးမြှင့်သောစွမ်းဆောင်ရည်ဆု (၂၀၁၉) (APAO Distinguished Service Award for improving Ophthalmology in their Country)နှင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးမင်းသိမ်းအား “မျက်မမြင်ကာကွယ်ရေးလုပ်ငန်းကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သည့်အတွက် ချီးမြှင့်သောစွမ်းဆောင်ရည်ဆု (၂၀၁၉ ) (APAO Outstanding Service in prevention of blindness Award 2019 )တို့ကို ချီးမြှင့်ပေးအပ်မည် ဖြစ်သည်။

မျက်စိဆရာဝန်ကြီးနှစ်ဦးသည် အဆိုပါဆုများကို လက်ခံရယူရန် ယနေ့ နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

မျက်စိဆရာဝန်ကြီးများနှင့်အတူ မျက်စိဆရာဝန်ကြီး ဒေါက်တာဦးဇော်ထွန်းနှင့် မျက်စိဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးစန်းလှိုင်မင်းတို့ လိုက်ပါသွားသည်။

**သတင်းစဉ်**



## ကျိုင်းတုံ၌ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲ ကျင်းပ

**ကျိုင်းတုံ မတ် ၅**

(၂၁)ကြိမ်မြောက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာ အပ်နှင်းပွဲအခမ်းအနားကို ကျိုင်းတုံတက္ကသိုလ် ခေမရဋ္ဌခန်းမဆောင်၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ချိုမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒီပလိုမာအပ်နှင်းပွဲအခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ပြီးမြောက်ခဲ့သည့် သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၂၈ ဦး စုစုပေါင်း ၅၁ ဦးကို ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



## ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကမ္ဘာ့အကြီးဆုံးကြယ်လိပ်ကြီး ကြည့်ရှုလေ့လာနိုင်

**ပုဂံ မတ် ၅**

မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီအနီးရှိ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကမ္ဘာ့အကြီးဆုံးကြယ်လိပ်ကြီးအားလာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်က ပြောသည်။

၂၀၀၁ခုနှစ်က တရားမဝင်ကုန်သွယ်မှုမှဖမ်းဆီးရမိသည့် မြန်မာ့ကြယ်လိပ် အထီး ၄၂ ကောင်၊ အမ ၄၀ အား လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ခြံလှောင်စနစ်ဖြင့် မွေးမြူခဲ့ကြောင်းသိရပြီး မြန်မာတစ်နိုင်ငံတည်းသာရှိသည့် ရှားပါးမျိုးစိတ် ကြယ်လိပ်သားပေါက်များအား နေရင်းဒေသများသို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

တရားမဝင်ဖမ်းဆီးရမိခဲ့သည့် ကြယ်လိပ်များတွင်ပါရှိလာသော ကြယ်လိပ်မတစ်ကောင်သည် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာပေါ်၌ အကြီးဆုံးကြယ်လိပ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်းသိရကာ လောကနန္ဒာဘေးမဲ့တောဥယျာဉ်ရှိ အရွယ်ရောက်ကြယ်လိပ်များ၏ အတန်းအစားတွင် အမှတ် ၁၄၆ ဖြစ်ကာ အသက်အားဖြင့် အနှစ် ၂၀ ခန့်ရှိမည်ဟုကြယ်လိပ်များ၏ ကျောပေါ် နှစ်စဉ်ပေါ်ထွက်လာလေ့ရှိသောလိုင်းများကိုရေတွက်၍ အနီးစပ်ဆုံးသက်တမ်းအား ခန့်မှန်းထားခြင်းဖြစ်ကြောင်း ဦးရွှေဌေးအောင်က ရှင်းပြသည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်ရှိကမ္ဘာ့အကြီးဆုံးကြယ်လိပ်မကြီး၏ ကိုယ်ရေးအချက်အလက်ကိုလည်း ကြယ်လိပ်များ၏မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားရာ လိပ်အမှတ်-၁၄၆၊ အတန်းအစားအနေဖြင့် အရွယ်ရောက်နေပြီဖြစ်ကာကျောခွံအလျား ၄၅ ဒသမ ၅စင်တီမီတာ၊ ကျောခွံအနံ ၃၂ ဒသမ သုည စင်တီမီတာ၊ ရင်ခွင်အလျား ၃၉ ဒသမ သုည စင်တီမီတာ၊ ရင်ခွင်အနံ ၂၅ ဒသမ သုည စင်တီမီတာ၊ အမြင့် ၂၅ ဒသမ သုည စင်တီမီတာ၊အလေးချိန် ၁၇ ဒသမ ၄၅ကီလိုဂရမ်၊ ၃၈ ဒသမ ၃ပေါင် ရှိပြီး ခန့်မှန်းအသက် အနှစ် ၂၀ ရှိကြောင်း သိရသည်။

ကြယ်လိပ်များသည် ပျမ်းမျှသက်တမ်းနှစ် ၈၀ ကျော်ထိနေထိုင်နိုင်ကြပြီး ခြံလှောင်မွေးမြူရေးစနစ်တွင် ၅ နှစ် ၆နှစ်အရွယ်ရောက်ကြကာ သဘာဝတောတွင် ၁၀ နှစ် ၁၁ နှစ်၌ အရွယ်ရောက်ကြကြောင်းသိရကာ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ကိုထိန်(ငါ့သရောက်)**

## တိုတိုထွာထွာဖတ်စရာ

### မရမ်းကုန်းတွင် အရန်မီးသတ်မွမ်းမံသင်တန်းဖွင့်

**ရန်ကုန်**

မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများအား လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲကို မတ် ၄ ရက် ညနေ ၅ နာရီက မရမ်းကုန်းမြို့နယ် မီးသတ်စခန်း၌ ကျင်းပသည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက တူညီဝတ်စုံများကို အသီးသီးပေးအပ်ခဲ့ပြီး မီးသတ်စခန်းတွင်ထားရှိသော မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် မီးသတ်ပစ္စည်းများကို တက်ရောက်လာသော တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါ အရန်မီးသတ်သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၅ ရက်မှ ဧပြီ ၄ ရက်ထိ ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ပလောက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးနှိုးဆော်

**ပလောက်**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်မှကင်းဝေးစေရေးအတွက် ပလောက်မြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသူရိန်စိုးနှင့်တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်အတွင်းရှိ မြို့တွင်းလမ်းများအတိုင်း မတ် ၃ ရက် ညနေ ၆ နာရီက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခဲ့သည်။

အဆိုပါအဖွဲ့သည် မီးသတ်မော်တော်ယာဉ်များဖြင့် လှည့်လည်လျက် အရေးပေါ်မီးဘေးအန္တရာယ် တစ်စုံတစ်ရာပေါ်ပေါက်ပါက ထိန်းသိမ်းနိုင်စေရန်မိမိတို့၏ နေအိမ်အနီး အလွယ်တကူအသုံးပြုနိုင်မည့်နေရာ၌ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ သဲထုပ်၊ ရေထုပ်တို့ကို ထားရှိကြရန် သတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။ **နိုင်ဦး(ပြန်/ဆက်)**

### မီးငြိမ်းသတ်မှု သရုပ်ပြပွဲများ ကျင်းပ

**စဉ့်ကူး**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့မဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်မှုသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုလုပ်ငန်းကို မတ် ၄ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းပြည့်ကျော်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုကာ လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများက မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မင်းဇော်ဦး(ပြန်/ဆက်)**

**ညောင်ဦး**

ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ မတ် ၄ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းသို့ သွားရောက်ပြီး မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းနောက် မီးဘေးအန္တရာယ်အကြောင်း သိကောင်းစရာ ပညာပေးလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးခဲ့ပြီး စနစ်တကျ မီးငြိမ်းသတ်နည်းများကို ဆင်စခန်းရှိဝန်ထမ်းများအား လက်တွေ့ပညာပေး သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ရန်ကုန်**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလအတွင်း မီးလောင်မှုအန္တရာယ်ကင်းဝေးစေရေး ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြသဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို မတ် ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ဈေးများဌာန အောင်ဇေယျဈေး၌ ပြုလုပ်သည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ငြိမ်းအောင်က မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များနှင့် မီးသတ်ဆေးဘူးများ ထားရှိဆောင်ရွက်ကြရန်နှင့် မီးသတ်ဆေးဘူးအသုံးပြုနည်း၊ လျှပ်စစ်မီးအသုံးပြုပါက မီးသတ်ဆေးဘူးများ ဆောင်ထားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံ အင်္ဂလိပ်စာသင်တန်းဖွင့်



**ကော့သောင်း မတ် ၅**

ကော့သောင်းမြို့နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းတွင် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းအား အဋ္ဌမအကြိမ်မြောက်အဖြစ် မတ် ၅ ရက် မွန်းလွဲပိုင်းက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းအား မြို့ပေါ်ရပ်ကွက်များမှ ကျောင်းသား ကျောင်းသူများ စာမေးပွဲပြီးစီး၍ နွေရာသီကျောင်းပိတ်ရက်အတွင်း ဗုဒ္ဓဓမ္မစာပေများ တက်ရောက်သင်ကြားလိုသည့်စိတ်များ တိုးပွားလာရေး၊ ငယ်ရွယ်စဉ်ကလေးဘဝမှစကာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများကို တန်ဖိုးထားထိန်းသိမ်းတတ်လာရေး၊ ကျောင်းသားကျောင်းသူများ ဘာသာ သာသနာကို အစဉ်စောင့်ရှောက်ထိန်းသိမ်းလိုသည့်စိတ်များ ရင့်သန်ခိုင်မာလာရေး၊ (၃၈)ဖြာမင်္ဂလာတရားတော်နှင့်အညီ လိမ္မာယဉ်ကျေးသည့် အနာဂတ်မျိုးဆက်များ ပေါ်ထွန်းလာရေးနှင့် နိုင်ငံတကာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာအား အခြေခံမှစတင်တတ်မြောက်လာစေရန်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်များအတွင်း သင်တန်းကာလ တစ်လကြာမြင့်စွာ ဖွင့်လှစ်သည့် အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်ခန့် တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ပိုးသတ်ဆေးသုံးစွဲမှုသင်တန်း မုံရွာမြို့တွင် ပို့ချ

**မုံရွာ မတ် ၅**

ပိုးသတ်ဆေးအရောင်းဆိုင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် တောင်သူများအတွက် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲမှုသင်တန်း အမှတ်စဉ် (၁/၂၀၁၉)ကိုမတ် ၅ ရက်မှ ၈ ရက်ထိ မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတွင် ဖွင့်လှစ်သည်။

"ပိုးသတ်ဆေးကိုအသုံးပြုတဲ့အခါ ဘေးအန္တရာယ်ကင်းရှင်းဖို့နဲ့ ပိုးမွှားရောဂါအန္တရာယ်နှိမ်နင်းတဲ့အခါ ထိထိရောက်ရောက်နဲ့ကာကွယ်နှိမ်နင်းဖို့ပါ။ ဘေးအန္တရာယ်ကင်းရှင်းဖို့ဆိုတဲ့နေရာမှာ ပိုးသတ်ဆေးကို ကိုင်တွယ်သုံးစွဲတဲ့သူ ထုတ်လုပ်လိုက်တဲ့ သီးနှံတွေမှာ ပိုးသတ်ဆေးဓာတ်ကြွင်းတွေ မပါဖို့နဲ့ ရောင်းချသူတွေလည်း ဘေးအန္တရာယ်ကင်းရှင်းအတွက် သင်တန်းပေးတာပါ" ဟု သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လေးဇံက ရှင်းပြသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပိုးသတ်ဆေးအရောင်းဆိုင်ပေါင်း ၆၆၆ ဆိုင်ရှိပြီး ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့် လိုင်စင်ရရှိရန် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများသင်တန်းဆင်းလက်မှတ်ရှိမှသာ ရောင်းချခွင့်ရှိကြောင်း သိရသည်။

သင်တန်းမှ ပိုးသတ်ဆေးဆိုင်ရာပြဋ္ဌာန်းချက်များ သေချာသိရှိရမည်ဖြစ်သလို ပိုးသတ်ဆေးများအကြောင်း၊ အင်းဆက်ဖျက်ပိုးအမျိုးအစားများ၊ အပင်ရောဂါများ၊ ပေါင်းအမျိုးမျိုး၊ ကြွက်အမျိုးမျိုး၊ သိုလှောင်ပိုးများ၊ ပိုးသတ်ဆေးဓာတ်ကြွင်း၊ ဆေးဖျန်းကိရိယာများ၊ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲနည်းများ၊ GAP နည်းစနစ်များ၊ ဘက်စုံသီးနှံကာကွယ်နည်းစနစ်များ၊ ရှေးဦးသူနာပြုစုနည်းများ စသည့် စိုက်ပျိုးရေးလုပ်ငန်းတွင် လက်တွေ့လိုအပ်သည့် ပညာရပ်များကို သိရှိစေမည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်ရ ပိုးသတ်ဆေးအရောင်းဆိုင် ၁၀၂ ဦး၊ ကုမ္ပဏီဝန်ထမ်း ၁၃ ဦး၊ တောင်သူငါးဦးနှင့်အတူ ကချင်ပြည်နယ်မှ ပိုးသတ်ဆေးရောင်းချသူ ၂၇ ဦး တက်ရောက်ပြီး မတ် ၈ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း**

## အပြည်ပြည်ဆိုင်ရာအတက်ရောဂါ အထိမ်းအမှတ်နေ့အခမ်းအနားနှင့် အတက်ရောဂါဆိုင်ရာများ အသိပညာပေး

**ဘားအံ မတ် ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဦးနှောက်နှင့်အာရုံကြောဆေးကုဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အတက်ရောဂါအထိမ်းအမှတ်နေ့အခမ်းအနားနှင့် အတက်ရောဂါဆိုင်ရာများ အသိပညာပေးခြင်းကို မတ် ၅ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်လင်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ဦးနှောက်နှင့်အာရုံကြောဆေးပညာဌာန) မှ အတက်ရောဂါစီမံချက် မန်နေဂျာ ပါမောက္ခဒေါက်တာစမ်းဦးနှင့် အထူးကုဆရာဝန်ကြီးများက အတက်ရောဂါဆိုင်ရာ အသိပညာကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားကို ပြည်သူလူထုအား အတက်ရောဂါဆိုင်ရာ အသိပညာ ဗဟုသုတတိုးပွားစေရန်၊ အတက်ရောဂါ ရှိသူများနှင့် မိသားစုအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အတက်ရောဂါကုသရေးလုပ်ငန်းများကို ဂရုပြု သိရှိနားလည်ကြစေရန်၊ စီမံချက်လုပ်ငန်းများတွင် အစိုးရနှင့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင် ဆောင်ရွက်မှု တိုးပွားစေရန်အတွက် ရည်ရွယ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် အတက်ရောဂါခံစားနေရသူ ငါးသိန်းခန့်ရှိနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခန့်မှန်းထားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော် ကျင်းပမည်

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရာဇဌာနီလမ်းမကြီးရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို မတ် ၁၄ ရက်မှ ၂၀ ရက်အထိ (တပေါင်းလဆန်း ၈ ရက်မှ လပြည့်နေ့အထိ) ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် ဘုရားပွဲတော်ကြီးတွင် မတ် ၁၄ ရက်နှင့် ၁၅ ရက် ညတို့တွင် သစ္စာမေတ္တာရွှေမန်းသဘင်နှင့်အတူ မင်းသားတင်မောင်ဆန်းမင်းဝင်း ဦးစီးသော ဇာတ်သဘင်အဖွဲ့က ကပြဖျော်ဖြေမည်ဖြစ်ပြီး မတ် ၁၆ ရက်နှင့် ၁၇ ရက် ညတို့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ရွှေမြန်မာဇာတ်တော်ကြီးအဖွဲ့နှင့် သုခုမတော်ဝင် ဇာတ်သဘင်ပွဲ၊ မဟာရန်ကုန်အငြိမ့်သဘင်၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ တိုင်းကျော်၊ ပြည်ကျော်၊ တိုးကျော်၊ တိုးလေး၊ ဝိုင်းကျော် (ဟားငါးကောင်)အဖွဲ့တို့က ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ အဆိုပါဖျော်ဖြေပွဲများသို့ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ ဘုရားပွဲတော်ကြီးတွင် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်များနှင့် ဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်းဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုရှုပ (နေပြည်တော်)**

# သာဝတ္ထိသို့ ၂၁၇ မိုင်

မြင့်စိုး (နတလ)

**နှုတ်ဆက်ခဲ့ပါသည် ဗာရာဏသီ**

ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကာသိတိုင်း ဗာရာဏသီမှ ကောသလတိုင်း သာဝတ္ထိမြို့ဆီသို့ ထွက်ခွာခဲ့ကြပါသည်။ သာဝတ္ထိဆိုသည်မှာ အရာရာ ပြီးပြည့်စုံသောနေရာဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ဘယ်လိုအရာတွေများ ပြီးပြည့်စုံနေရပါလိမ့်။ လေ့လာကြည့်သောအခါ မြတ်စွာဘုရားလက်ထက်၌ သာဝတ္ထိမြို့တွင် ပသေနဒီကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့ စိုးစံနေသလို အနာထပိဏ် သူဌေးကြီးနှင့် သူဌေးကြီးကတော် ပုညလက္ခဏာဒေဝီ၊ မိဂါရမာတာသူဌေးကြီး၊ ကျောင်းအမကြီး ဝိသာခါ၊ သီရိဂုတ္တ၊ ပရဟဒိန္န၊ ပဥ္စဂ္ဂ စသော သူဌေးကြီးများ မှီတင်းနေထိုင်လျက်ရှိသောကြောင့် "သဗ္ဗ အတ္ထိ သာဝတ္ထိ" သာဝတ္ထိမြို့တွင် အလိုရှိသည့်အရာမှန်သမျှ အကုန်ရနိုင်သည်ဟု ကမ္ပည်းတင်ခဲ့ခြင်းဖြစ်သည်။ ဗာရာဏသီမှ သာဝတ္ထိသို့ ၂၁၇ မိုင်၊ ကီလိုမီတာအားဖြင့် ၃၄၇ ကီလိုမီတာခန့် ရှိပေရာ ကျွန်တော်တို့ခရီးစဉ်အတွင်း အကြာဆုံးနှင့် အဝေးဆုံး သွားရသည့်နေရာတစ်ခု ဖြစ်ခဲ့သည်။ မနက်ခင်းတုန်းက မိုးလေး ဖြောက်ဖြောက်ကျနေသေး၏။ သွားဖူးလာဖူးသူများ၏ အပြောအရတော့ သာဝတ္ထိမှာ အအေးနည်းနည်း ပိုသည်ဆို၏။

သာဝတ္ထိသို့ မထွက်ခွာမီ မိဂဒါဝုန်ကျောင်းမှ သံဃာတော်အရှင်သူမြတ်တို့အား ဘုရားဖူးအဖွဲ့ဝင် ဦးသိန်းဦးနှင့် ဇနီးဒေါ်ခင်မာဝင်းမိသားစုက အရုဏ်ဆွမ်းကပ်လှူသဖြင့် ဝမ်းမြောက် နုမော်သာဓုခေါ်ခဲ့ကြရသည်။ ယမန်နေ့ညပိုင်းကလည်း မိဂဒါဝုန်မြန်မာကျောင်း ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အလှူငွေများထည့်ဝင်လှူဒါန်းခဲ့ကြပါသည်။ ခရီးသွားရက်များ၏ နံနက်ခင်းအစတိုင်းလိုလိုမှာ သာဓုခေါ်သံများနှင့် ထုံမွှမ်းနေတတ်သလို ကားစထွက်ချိန်များမှာလည်း သရဏဂုံတည်ကာ အရပ် (၁၀)မျက်နှာကို မေတ္တာပို့ အမျှပေးဝေခြင်းဖြင့် မင်္ဂလာရှိစေခဲ့ပါသည်။ ထိုနေ့က နံနက် ၇ နာရီအချိန် စတင်ထွက်ခွာခဲ့ကြရာ မိနစ် ၂၀ ခန့်အကြာတွင် ဗာရာဏသီလေဆိပ်ဘေးမှ ဖြတ်ခဲ့ရကြောင်း သတိပြုမိသည်။ ကားလမ်းကတော့ သိပ်မကျယ်တော့ပေ။ ရထားလမ်းတွေကလည်း ပေါများလှပါဘိ၊ စုစုပေါင်း ငါးခု ကျော်ဖြတ်ခဲ့ရာ နံနက် ၁၁ နာရီစွန်းစွန်းတွင် ဖြတ်ကျော်ခဲ့ရသော ရထားလမ်းသည် စတုတ္ထမြောက်ဖြစ်ကြောင်း သိရသည်။

**သူ့အရပ်နှင့်သူ့ဇာတ်**

ကျွန်တော်တို့ဆီက ကားသမားတွေကို ဘယ်အချိန်ရောက်မှာလဲ၊ ဘယ်နှနာရီ မောင်းရမလဲဆိုသည့် မေးခွန်းမျိုးမေးလျှင် မဖြေချင်၊ မဖြေတတ်ကြသကဲ့သို့ သူတို့ဆီမှာလည်း ထိုနည်း နှင်နှင်ပင်။ မကြိုက်ကြပါ။ နောက်ထပ်ထူးခြားသော အယူတစ်ခုကတော့ မွန်းတည့် ၁၂ နာရီတိတိမှာ ကားမထွက်ပါ။ နည်းနည်းစော၍ ထွက်လျှင်ထွက်၊ သို့တည်းမဟုတ် နောက်ကျခဲ့ပြီးမှ ထွက်လေ့ရှိကြောင်း သိရသည်။ နောက်တစ်ခုက နည်းနည်းပိုထူးသွားသလားလို့။ ကားမောင်းနေတုန်း ရှေ့ကနေ ကြောင်တစ်ကောင် ဖြတ်ပြေးသည်ဆိုကြပါစို့။ ကားကို ဆက်မမောင်းတော့ဘဲ ရပ်လိုက်သည်။ ကားမှန်ကို လက်ဖြင့်လှမ်း၍ ကြက်ခြေခတ်သည်။ နောက်ကားကို ကျော်တက်ခိုင်းသည်။ ပြီးမှ သူက ဆက်မောင်းသည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းလို့ပဲ ပြောကြပါစို့ရဲ့။

သွားရင်းလာရင်း ကျန်းမာရေးကိစ္စဖြေရှင်းသည့် ပုံစံကတော့ သူ့အရပ်နှင့်သူ့ဇာတ် ဟုပြော၍ မရတော့ပါ။ ပေါက်တော..ပေါက်တော ဟူ၍ ကျွန်တော်တို့ဆီက ဒရိုင်ဘာတွေ၊ စပယ်ယာတွေ အော်ပြီး ကားရပ်ပေးသလိုမျိုး သင့်တော်မည့်နေရာတွင် ရပ်ပေးပါသည်။ အမျိုးသမီးများအတွက် ပို၍ အဆင်ပြေမည့်နေရာမျိုးကို ရှာဖွေ၍ ရပ်ပေးတတ်ပါသည်။ အမျိုးသားများကတော့ ကားရှေ့တည့်တည့် ခပ်ဝေးဝေးမှာ သင့်တော်သလိုသာ ဖြေရှင်းကြပေရော့။ ကိစ္စပြီး၍ ဆေးလိပ်သောက်၊ အညောင်းအညာပြေရန် ကိုယ်ဆန့်ခါးဆန့်လုပ်၊ ထွေရာလေးပါး ပြောကြ စသည်ဖြင့် ....။ ကားပြန်ထွက်ခါနီးပြီဆိုလျှင် ကျလို့...ကျလို့...ကျလို့ဟု အော်ပေးတတ်ကြသည်။ သည်စကား၏ အဓိပ္ပာယ်ကတော့ သွားမယ်...သွားမယ် ဆိုတာမျိုးဖြစ်ပါ လိမ့်မည်။ ရက်အနည်းငယ်ကြာလာတော့ သူတို့ပြောသည့် ကျလို့သည် ကျွန်တော်တို့ထံ ကူးစက်လာကာ ကြုံရာလူက အော်ပေးပါတော့သည်။ ကားပေါ်ပြန်တက်ခါနီး လက်ဆေးသန့်စင်ရန် ရေဘူးကြီးတစ်ဘူး ချပေးထားပါသည်။ ကျွန်တော်သတိထားမိတာတစ်ခုရှိသေးသည်။ အပေါ့အပါးသွားပြီး၍ ကားပြန်ထွက်တိုင်း အဆာပြေ၊ အပျင်းပြေစားရန် မုန့်တစ်မျိုးမျိုးကို လာ၍ ကျွေးတတ်ကြသည်။ ဒါကတော့ သူ့အရပ်နှင့် သူ့ဇာတ် မဖြစ်နိုင်ပါ။ အောင်ချမ်းသာဘုရားဖူးအဖွဲ့က ဒေါ်သဇင်မြင့်အောင်တို့၏ အစီအစဉ်သာဖြစ်ပါလိမ့်မည်။ ကိုင်း... ကျလို့... ကျလို့... ကျလို့..ဆက်၍ သွားကြပါစို့။



**စူတန်ဘူမှာ နေ့လယ်စာ**

စူတန်ဘူဆိုသည့်နေရာကို မွန်းတည့်ချိန်လောက်မှာရောက်သည်။ နေ့လယ်စာကို စူတန်ဘူမှာ စားနိုင်အောင် ခရီးသွားအဖွဲ့က ကြိုတင်စီစဉ်ပေးထားသည်။ စူတန်ဘူဆိုသည်မှာ ရွာကြီးတစ်ရွာလား၊ မြို့ငယ်လေးလား မပြောတတ်တော့ပါ။ လမ်းပန်းဆက်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍ တိုးတက်မြင့်မားလာခြင်းက နေရာဒေသတစ်ခုကို အနည်းနှင့်အများ အခြေအနေတင့်စေသည်ကတော့ အမှန်ပင်ဖြစ်၏။ စူတန်ဘူမြို့နှင့် သာဝတ္ထိကြားမှာတော့ ကားလမ်းကောင်းသည်။ ကတ္တရာလမ်း။ ထိုမှ ပဉ္စမမြောက်ရထားလမ်းတစ်ခုကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် ထပ်မံဖြတ်ကျော်ရပြီးနောက် ညနေ ၆ နာရီ သာသာလေးမှာ ပါလန်ဘူမြို့လေးသို့ ဝင်ရောက်လာခဲ့ကြသည်။ ကျွန်တော်တို့ တည်းခိုမည့် သာဝတ္ထိ ဘုန်းတော်ကြီးကျောင်းသည် ထိုမြို့လေးမှ ၁၅ ကီလိုမီတာ ဆက်သွားရသေးသည်။ နောက်တစ်နေ့ နံနက်ပိုင်းမှာ ဇေတဝန်ကျောင်းတော်ရာသို့သွားမည်၊ ဘုရားတွေဖူးမည်၊ ပြီးလျှင် နေ့လယ်စာစားပြီး နီပေါနိုင်ငံ လုမ္ဗိနီ သာမေ အင်ကြင်းတောသို့ထွက်ခွာကြမည်ဖြစ်ရာ သာဝတ္ထိ ကျောင်းဆရာတော်အား ရောက်သည့်ညပိုင်းမှာပဲ ဖူးမြော်ကန်တော့၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း၊ နဝကမ္မအလှူငွေများ လှူဒါန်းခဲ့ကြ၏။

**ကောသလနန်းတော်ရာနှင့် ဇေတဝန်ကျောင်း**

ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက် အရုဏ်ဆွမ်းအလှူရှင်မှာ ဦးလွင်နိုင်ဝေနှင့် ဒေါက်တာသန်းသန်းမြင့် မိသားစုဖြစ်ပြီး နေ့ဆွမ်းအလှူရှင်ကတော့ ဦးစိန်ဝင်းနှင့် ဇနီး ဒေါ်ခင်အေးသွင် မိသားစုတို့က နှစ်ဖက်မိဘများကို အမှူးထား၍ သာဝတ္ထိကျောင်းဆရာတော်ထံ ကပ်လှူခဲ့ကြသည်။ ထိုနေ့နံနက် ၇ နာရီမှာ ကောသလနန်းတော်ရာသို့ ရှေးဦးစွာရောက်ခဲ့သည်။ အနာထပိဏ်သူဌေးကြီးကို အကြောင်းပြု၍တည်ထားသော သုဒတ္တစေတီကို အရင်ဖူးရသည်။ သုဒတ္တဆိုသည်မှာ အနာထပိဏ်သူဌေးကြီး၏ ငယ်နာမည်ဖြစ်ပြီး ခိုကိုးရာမဲ့နေသူများအား ပေးကမ်းလှူဒါန်းစွန့်ကြဲသူဟု အဓိပ္ပာယ်ရ၏။ ထပ်မံဖူးရသောစေတီမှာ အရှင်အင်္ဂုလိမာလစေတီတော်ဖြစ်သည်။ လက်ညှိုးပေါင်းတစ်ထောင်ပြည့်ရန် မွေးမိခင်အား ဓားနှင့်လိုက်ခဲ့သော အင်္ဂုလိမာလ၏သမိုင်းကရိုင်းခဲ့သလောက် မြတ်စွာဘုရားရှင်နှင့်တွေ့ပြီး ရဟန္တာပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ကောသလမင်းကြီး၏ နန်းတွင်းအကြံပေးအမတ်ကြီး အန္တက ပုဏ္ဏားနှင့် မန္တာနီ ပုဏ္ဏေးမတို့မှမီးရှူးသန့်စင်ဖွားမြင်ခဲ့သော ငယ်နာမည် မောင် အဟိံသက။ အဟိံသက၏ အဓိပ္ပာယ်မှာ သူတစ်ပါးကို မသတ်ဖြတ်မညှဉ်းဆဲသူ၊ သနားကြင်နာသည်းခံခွင့်လွှတ်တတ်သူ၊ မေတ္တာကြီးသူ (မေတ္တာရှင်) မည်ပေ၏။ တက္ကသိုလ်ကျောင်းသားဘဝတွင် တပည့်တို့၏ ကုန်းချောစကားကို ယုံပြီး လမ်းမှားရောက်အောင် ပို့လိုက်သော ဆရာကြီးကြောင့် အင်္ဂုလိမာလဘဝသို့ ရောက်သွားရခြင်းဖြစ်ပါသည်။

နံနက်ပိုင်းမှာ ဇေတဝန်ကျောင်းတော်ရာသို့ သွား၍ ဖူးမြော်သည့်နေရာများအနက် ဂန္ဓကုဋိ ကျောင်းတော်ရာသည် မြတ်စွာဘုရား(၁၉)ဝါတိုင်တိုင် သီတင်းသုံးရာဖြစ်သောကြောင့် ဘုရားရှင်တိုင်း မစွန့်ပယ်အပ်သော အဝိဇဟိတ နေရာတစ်ခုဖြစ်ပါသည်။ ဂန္ဓကုဋိကျောင်းရှေ့မှာ မြတ်စွာဘုရားသာဝတ္ထိမြို့တွင်း ဆွမ်းခံကြွရာမှ ပြန်လာတိုင်း ခြေဆေးသည့်နေရာလေးကိုလည်း အမှတ်အသားပြုလုပ်ပေးထားသည်။ အောင်မြေ (သို့မဟုတ်) အောင်ပလ္လင်တော်ဟု ခေါ်ဆိုသောနေရာ တစ်ခုလည်းရှိနေပါသည်။ စိဉ္စမာဏ မိန်းမယုတ်ကို အောင်သောနေရာ၊ လင်သေသားဆုံး၊ မိဘ မောင်ဖွားများ ဆုံးရှုံးခဲ့သည့် ပဋာစာရီ၏ အပူမီးများကို ငြိမ်းစေခဲ့သော ပလ္လင်တော်နေရာဖြစ်ပါသည်။ ဆက်လက်၍ အရှင်အာနန္ဒာကျောင်းတော်ရာ၊ အာနန္ဒာဗောဓိပင်၊ အရှင်သီဝလိစေတီတော်၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်စေတီတော်နေရာများကိုလည်း ဖူးမြော်ခဲ့ရသည်။ ဆက်လက်ဖူးမြော်ရသည်ကတော့ တိတ္ထိဆရာကြီးများကို တန်ခိုးပြဋ္ဌိဟာ ပြခဲ့သောနေရာ၊ တာဝတိံသာနတ်ပြည်ကမယ်တော်မိနတ်သားထံ ကြွလှမ်းသော သရက်ဖြူကုန်းဖြစ်သည်။

စင်စစ်သော်ကား သာဝတ္ထိမြို့ဟောင်းနေရာတွင် ပသေနဒီကောသလမင်းကြီး၏ ဘဝနိဂုံးမကောင်းပုံမှအစ ရာဇဝင်များစွာ သမိုင်းမှတ်တမ်းများစွာ ရှိနေပါသည်။ စာတစ်စောင်ပေတစ်ဖွဲ့လောက်နှင့်တော့ ပြီးပြည့်စုံလိမ့်မည် မဟုတ်ပါ။ ဒေဝဒတ်မြေမျိုသောနေရာ၊ စိဉ္စမာဏ မြေမျိုသော နေရာများလည်း ရှိနေပါသေးသည်။ အတိတ်သမိုင်းကြောင်းများစွာရှိခဲ့သော သာဝတ္ထိမြို့ကို မွန်းလွဲပိုင်းတွင် နှုတ်ဆက်ခဲ့ပါသည်။ ။



## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) ၁-၄-၂၀၁၉ ရက်နေ့တွင်အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။
(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာပုံစံများကို နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူနိုင်ပြီး အောက်ပါစာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့လူကိုယ်တိုင်သွားရောက် လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။
(ခ) အခြေခံပညာအဋ္ဌမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။
(င) အိမ်ထောင်စုဝင်စာရင်းမိတ္တူ။
(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ လျှောက်ထားသူများသည် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-
(က) လျှောက်လွှာ၊ သတ်မှတ်စာရွက်စာတမ်းများနှင့်အတူ ၂၆-၂-၂၀၁၉ ရက်နေ့မှ ၁၁-၃-၂၀၁၉ ရက်နေ့အတွင်း တိုင်းစစ်ဌာနချုပ်များသို့ လူကိုယ်တိုင် သွားရောက်လျှောက်ထားရမည်။
(ခ) ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် တိုင်းစစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။
(ဂ) ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းကို ခံယူရမည်။
(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်အောင်မြင်သူများအား တပ်ဝင်စာချုပ်ချုပ်ဆိုပြီး အခြေခံစစ်ပညာ သင်ကြားရန် သက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများသို့ ပို့လွှတ်ခြင်းခံရမည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လတက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက(တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/-+ M.H.R.A ၁၀၀၀၀ိ/- = ၁၆၀၀၀၀ိ/-)ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး၊ သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ရန်ကုန်မြို့၌ ဝမ်းချန်ပီယံရှစ်ပြိုင်ပွဲကြီး ယှဉ်ပြိုင်မည်



**ရန်ကုန် မတ် ၅**

ဝမ်းချန်ပီယံရှစ်၏ ONE:Reign of Valor ပြိုင်ပွဲကြီးကို မတ် ၈ ရက် ညနေတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ ကမ္ဘာ့ချန်ပီယံလုပွဲများ အပါအဝင် ပွဲစဉ်ပေါင်း ၁၁ ပွဲ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဝမ်းချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်မည့် ဖိုးသော်သည် အင်ဒိုနီးရှား ဝါရင့်ကစားသမား Yahan Mulia Legowo နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"ဒီပွဲအတွက် အစွမ်းကုန်ပြင်ဆင်လေ့ကျင့်ထားပါတယ်။ ကျွန်တော့်ဘက်က နိုင်မယ်လို့ ယုံကြည်မှုရှိသလို ပြိုင်ဘက်ကလည်း သူ့ကိုယ်သူနိုင်မယ်လို့ ယုံကြည်နေမှာပါ။ ကျွန်တော့်အနေနဲ့ အရင်ကထက်ပိုပြီး စိတ်အားထက်သန်လာသလို အနိုင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်လည်း ပိုပြီးခိုင်မာလာပါတယ်။ အခုပွဲ အနိုင်ရခဲ့ရင် ဖယ်သာဝိတ်တန်း ကစားသမားတစ်ယောက်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ရန်ကုန်မြို့ မော်တင်ဂျန်းရှင်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဖိုးသော်က မီဒီယာများအား ပြောကြားသည်။

မြန်မာနိုင်ငံဖွား ချင်းတိုင်းရင်းသား နပန်းချန်ပီယံတီရဲလ်ထန်သည် ၎င်း၏ ကိုယ်ခံပညာသိုင်းပေါင်းစုံပြိုင်ပွဲ ပွဲဦးထွက်ပြိုင်ဘက်အဖြစ် ကမ္ဘောဒီးယားနိုင်ငံသား ခမာလက်ဝှေ့ကစားသမား Rin Saroth နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ Rin Saroth သည် KWC 3 ဖယ်သာဝိတ်တန်းချန်ပီယံဟောင်းတစ်ဦးဖြစ်သည်။

ချင်းတိုင်းရင်းသား နပန်းချန်ပီယံ တီရဲလ်ထန်က "အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။

**စာမျက်နှာ ၈ ကော်လံ ၆ သို့**

## ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်း သရေကျ

**ရန်ကုန် မတ် ၅**

၂၀၁၉ ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းက ဂျပန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ဂိုးမရှိ သရေကျခဲ့သည်။

ယခုပြိုင်ပွဲတွင် ရလဒ်ကောင်းနေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ရှုံးပွဲမရှိမှတ်တမ်းကို ရယူနိုင်ခဲ့ပြီး နောက်ဆုံးပွဲတွင် ထိုင်းနှင့် သရေကျခဲ့သည်။ မြန်မာအသင်းအနေဖြင့် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း ထိုင်းအသင်းထံမှ သရေတစ်မှတ်စီသာ ခွဲယူနိုင်ခဲ့သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုပတ်လည်သာ ကစားရခြင်းဖြစ်ပြီး မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် ပွဲအားလုံးယှဉ်ပြိုင်ကစားပြီးဖြစ်ကာ လေးပွဲကစား တစ်ပွဲနိုင်၊ သုံးပွဲသရေ ခြောက်မှတ်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ဗီယက်နမ်နှင့် ဂိုးမရှိသရေ၊ ဂျပန်နှင့် တစ်ဂိုးစီသရေ၊ ထိုင်းနှင့် ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲများမှာမူ မတ် ၆ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုလေးပွဲကို ရက်ဆက်ကစားခဲ့ရခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**



မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။

## ၂၀၂၀ တိုကျိုအိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲ မြန်မာအမျိုးသမီးအသင်း နီပေါနှင့် စတင်ကစားရမည်

**ရန်ကုန် မတ် ၅**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို ထုတ်ပြန်လိုက်ပြီဖြစ်ပြီး မြန်မာအသင်းသည် နီပေါအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုခွဲဝေမှုတွင် ပထမအဆင့်၌ ယှဉ်ပြိုင်ခဲ့သည့် နီပေါ၊ အိန္ဒိယတို့နှင့် ပြန်လည်ကျရောက်နေပြီး ဒုတိယအဆင့်ကိုလည်း အိမ်ရှင်အဖြစ် ကျင်းပခွင့်ရထားသောကြောင့် ပြိုင်ဘက်များကို ထပ်မံကျော်ဖြတ်နိုင်ဖွယ်ရှိနေသည်။

မြန်မာအသင်းသည် အုပ်စုတွင် အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှားတို့နှင့် ကျရောက်နေရာ တတိယအဆင့်သို့ တက်ရောက်နိုင်ရန် အလားအလာကောင်းနေသည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ပါဝင်သည့် အုပ်စု(က) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က)တွင် မြန်မာ၊ အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှား၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ ဂျော်ဒန်၊ ဟောင်ကောင်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု(ဂ)တွင် တရုတ်တိုင်ပေ၊ အီရန်၊ ဖိလစ်ပိုင်၊ ပါလက်စတိုင်းအသင်းတို့ ပါဝင်နေကာ အုပ်စုပွဲများကို

**စာမျက်နှာ ၈ ကော်လံ ၆ သို့**



## မြန်မာ ယူ-၂၂ အသင်း အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်

**ရန်ကုန် မတ် ၅**

မြန်မာ ယူ-၂၂ အသင်းသည် မတ် ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် မတ် ၄ ရက် ညနေပိုင်းတွင် စတင်လေ့ကျင့်ခဲ့ပြီး ရန်ကုန်အသင်းမှ ကစားသမားလေးဦးမှာ ရခိုင်အသင်းနှင့် အဝေးကွင်းပွဲ သွားရောက်ကစားခဲ့ရသောကြောင့် မတ် ၄ ရက် ညပိုင်းမှ အသင်းနှင့် စတင်ပူးပေါင်းနိုင်ခဲ့ရာ မတ် ၅ ရက် နံနက်ပိုင်းတွင် ကစားသမား ၂၈ ဦး အစုံအလင်ဖြင့် စတင်လေ့ကျင့်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် မတ် ၉ ရက်တွင် စင်ကာပူလိဂ်၌ လာရောက်ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲအချို့ ထပ်မံကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းတွင်

**စာမျက်နှာ ၈ ကော်လံ ၆ သို့**


